# “နေအိမ်ပညာရေး”

# HOME -SPUN SCHOOLS

## (Raymond & Dorothy Moore)

## နေအိမ်ပညာရေး

နေအိမ်သည် စာသင်ကျောင်းတော့ မဟုတ်ပါ။ သို့သော် ပညာရေးစနစ်၏ မူလအခြေခံဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အထိ ကလေးငယ်အများစုသည် ၁၂နှစ် သို့မဟုတ် ၁၂နှစ်ကျော်မှ ကျောင်းတက်လေ့ရှိကြပါသည်။ အများနှင့်ဆိုင်သော ပညာရေးသည် ကျွန်ုပ်တို့ မျှော်လင့်ထားသလောက် တိုးတက်မှုမရှိခဲ့ပါ။ စင်စစ် ယင်းသည်ပင် အပြင်းအထန် ဝေဖန်စရာတစ်ခု ဖြစ်လာခဲ့သည်။ မိဘများသည်လည်း ပညာသင်ကြားရေးကို နေအိမ်တွင်ပင်ဆောင်ရွက်ရန် တတ်နိုင်သမျှ ဆုံးဖြတ်ခဲ့ကြသည်။ ထို့ကြောင့် နေအိမ်တွင်ပင် သင်ကြားပေးသော ပညာရေးသည် အမေရိကန်နိုင်ငံတွင် အလွန်လျင်မြန်ဆုံး တိုးတက်လာခဲ့သည်။ ယခုအခါ ကျောင်းသား ၂.၅သိန်းကျော်သည် နေအိမ်ပညာရေးကို သင်ယူလျက်ရှိကြပြီး ပညာရေးတိုးတက်မှုများ ခိုင်မာလျက်ရှိကြသည်။

ငယ်လွန်းသော ကလေးများကို နေအိမ်ပြင်ပရှိ ကျောင်းများတွင် အပ်နှံခြင်းသည် မျက်မှောက်ကာလတွင် ကျွန်ုပ်တို့အများစု ကျူးလွန်နေကြသော သူငယ်အလွဲသုံးမှုပုံစံမျိုး ဖြစ်နေပါသည်။ ငြင်းပယ်ခံရသော ကလေးတစ်ဦးသည် ရုပ်ပိုင်းဆိုင်ရာ အတွင်းကြေဒဏ်ရာရရှိသော ကလေးတစ်ဦးထက် ပို၍ထိခိုက်ပျက်စီးတတ်ကြောင်း စိတ်ပညာရှင်များနှင့် စိတ်ကုထုံးပညာရှင်များက ညွှန်ပြကြပါသည်။

နေအိမ်ပညာရေးသည် အခြေအနေတိုင်းအတွက် အကျိုးသက်ရောက်သည်။ အဆိုပါ ပညာရေးသည် မြို့ပြတွင်ဖြစ်စေ၊ ကျေးလက်တွင်ဖြစ်စေ၊ လူချမ်းသာများအတွက်ဖြစ်စေ၊ လူဆင်းရဲများအတွက်ဖြစ်စေ၊ ပညာတတ်များအတွက်ဖြစ်စေ၊ အိမ်ထောင်သည်များအတွက်ဖြစ်စေ၊ အိမ်ထောင်ကွဲများအတွက်ဖြစ်စေ၊ အထက်တန်းတွင် ပညာသင်ခဲ့သူများအတွက်ဖြစ်စေ၊ ကောလိပ်တက်ခဲ့ရသူများအတွက်ဖြစ်စေ၊ အမေရိကန် ပြည်ထောင်စုတွင်ဖြစ်စေ၊ ပင်လယ်ရပ်ခြားတွင်ဖြစ်စေ၊ မည်သည့်လူတန်းစား၊ မည်သည့်ဒေသ၊ မည်သည့် အခြေအနေမျိုးအတွက်မဆို အကျိုးသက်ရောက်ပါသည်။

## နေအိမ်ပညာသင်ကြားရေးနည်းစနစ်

နေအိမ်ပညာရေး သင်ကြားနည်းအတွက် အထူးအထွေမလိုအပ်လှပါ။ မိဘများအနေဖြင့် ချစ်ခြင်းမေတ္တာ၊ တုန့်ပြန်မှုနှင့် သင့်တင့်လျောက်ပတ်သော ဖွဲ့ရှိဖို့လိုအပ်ပြီး အဆိုပါ လိုအပ်သည့် အရည်အသွေးများကို စိတ်ကူးတွေးတောခြင်း၊ သိမြင်လွယ်မှုနှင့် သာမန်အကြံပြုချက်ကလေးများအား လိုက်နာခြင်းတို့ကို အလေးပေးပေါင်းစပ်ပေးရုံမျှသာ ဖြစ်ပါသည်။ မိမိတို့ ကလေးငယ်များ၏ စစ်မှန်သော လိုအပ်ချက်များကို သဘောမပေါက်သော သို့မဟုတ် ဂရုမစိုက်သော အိမ်နီးချင်းများ၏ ယူဆချက်များ၊ ဝေဖန်ချက်များကို ကြောင့်ကြပူပန်ခြင်း မဖြစ်ပါနှင့်။ သူတို့အတွက်သာ စာနာပေးပါ။ သင့်ကလေးငယ်များအားလည်း နေအိမ်တွင် အထောက်အကူပြုသလို အိမ်နီးချင်းများကိုလည်း ကူညီပေးပါစေ။ သက်ကြီးရွယ်အိုများ၊ အိုမင်းမစွမ်းသူများနှင့် နာဖျားမကျန်းသူများထံ သွားရောက်လည်ပတ်အားပေးပါ။ အခြားသူများအား အကျိုးကျေးဇူးကို မမျှော်ကိုးဘဲ အကူအညီပေးပါ။ သင်၏ အများမတူသော အပြုအမူ ( နေအိမ်တွင် ပညာသင်ကြားပေးခြင်း) ကို သူတို့မကြာခင် မေ့သွားကြပါလိမ့်မည်။ သို့မဟုတ် သဘောကျနှစ်ခြိုက်လာကြပါလိမ့်မည်။

သင့်ကလေးများအား သင်ကြားနေသော အခိုက်အတန့်အားလုံးတွင် သင်၏အပြုအမူ အပြောအဆိုအားလုံးသည် သင့်ကလေးများအတွက် စံနမူနာဖြစ်စေရန် သတိပြုရပါမည်။ အချို့မိဘများက အခြားမိဘများထက်ပို၍ လုံ့လဝီရိယရှိကြသည်။ လုံ့လရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ပုံမှန်အားဖြင့် ကလေးတစ်ဦးကို တစ်နေ့လုံးသင်ကြားပေးဖို့ မလိုပါ။ တစ်နေ့တာအတွက် ၂နာရီ၊ ၃နာရီခန့်မျှ သင်ကြားလျှင် လုံလောက်ပါသည်။ အချို့သော မိခင် ဖခင်များကလည်း သူတို့၏ သားသမီးများကို တစ်နာရီသာသာခန့် သင်ကြားပေးရန်သာ သတ်မှတ်ထားလေ့ ရှိကြပါသည်။

ပို၍အရေးကြီးသည်မှာ သင်၏သားသမီးများနှင့် ဆောင်ရွက်နေသောလုပ်ငန်းသည် ရုပ်ပိုင်းဆိုင်ရာလုပ်ငန်း ဖြစ်သည်။ သင့်သားသမီးများအား လက်တွေ့ကျွမ်းကျင်မှုများနှင့် ကြိုးပမ်းအားထုတ်မှု၊ သပ်ရပ်မှု၊ အစီအစဉ်ကျမှု၊ တာဝန်သိမှုနှင့် အားထားမှုစသည့် အလုပ်၏မြင့်မြတ်မှုများ လေ့လာသင်ယူနိုင်စေရန် ကူညီပေးပါ။ ထိုမြင့်မြတ်မှုများကို ယနေ့ကာလ လူရွယ် ၁၀ဦးတွင် တစ်ဦးတွင် တွေ့ဖို့မလွယ်ပါ။

အဆိုပါ လက်တွေ့တန်ဖိုးစနစ်များနှင့်အတူ အာရုံသိနှင့် လက်တွေ့အတွေ့အကြုံများမှ ရရှိနိုင်သော ယနေ့ခေတ်တွင် ရှားပါးနေသော ကြင်နာမှု၊ တွေးခေါ်ဆင်ခြင်တုံတရား ပြည့်ဝမှု၊ နည်းပရိယာယ်၊ ခွင့်လွှတ်မှု၊ သဒ္ဓါတရားထက်သန်မှု၊ အခြားသူများကို ရိုးသား

စွာမေတ္တာထားတတ်မှု စသည့်အပြုအမူနှင့် ဂုဏ်သိက္ခာများကို သင်ကြားပေးပါ။

သင်နှင့်အတူ လိုက်ပါဆောင်ရွက်သော ရုပ်ပိုင်းဆိုင်ရာအလုပ်များကို ဖော်ပြပါသင်ကြားနည်းများနှင့် တွဲဖက်ပါက စိတ်ခါတ်ကြံ့ခိုင်မှုပါ မြင့်မားတိုးတက်လာစေပါလိမ့်မည်။ ပုံမှန်လုပ်ငန်းအစီအစဉ်နှင့် ကျွမ်းကျင်ပြည့်စုံသော အထောက်အကူပစ္စည်းများကို အသုံးပြုပါက သင်၏သားသမီးများသည် ပညာရေးတွင် ထူးဆန်းပြောင်မြောက်လာကြပါလိမ့်မည်။ ထိုမျှမကပေးပါ။ ၎င်းတို့၏ အပြုအမူသည်လည်း ထူးခြားမွန်မြတ်လာပါလိမ့်မည်။ လူမှုဆက်ဆံရေးတွင်လည်း ထူးခြားစွာ ကောင်းမွန်ပြေပြစ်လာကြပါလိမ့်မည်။

မျက်မှောက်ကာလရှိ ကျောင်းများတွင် ကလေးများအား အတ္တဝါဒကို ဦးစားပေးသော ဘာသာရပ်များ၊ အားကစား၊ ရယ်မောပျော်ရွှင်ဖွယ်ရာများနှင့် အစားအစာစုံကို စားသောက်တတ်သော အလေ့အကျင့်များဖြင့်သာ ဖြည့်ဆည်းပေးနေကြသည်။ ၎င်းတို့အား ပရဟိတဝါဒ၊ အိမ်နီးချင်းကို ဦးစားပေးမှု၊ အလုပ်အကျွေးပြုမှုနှင့် မျှဝေပျော်ရွှင်တတ်မှုတို့ကို အဘယ်ကြောင့် သင်ကြားမပေးပါသနည်း။

## ပေါင်းသင်းဆက်ဆံရေး (အခြားသူများနှင့်ဆက်ဆံရေး)

ငယ်ရွယ်လွန်းသော ကလေးများအား ကျောင်းများတွင်ထက် နေအိမ်သင်ကြားပေးခြင်းက ပို၍ကောင်းပါသည်။ သို့သော် သူတို့အား မိဘများက နမူနာပြသော အခြားကလေးများနှင့် မျှဝေသော ပေါင်းသင်းဆက်ဆံရေးကို ဖြည့်ဆည်းပေးပါကလည်း ပို၍ကောင်းမွန်ပါသည်။ အများ၏ယုံကြည်မှုနှင့် ဆန့်ကျင်ဘက်အရဆိုပါမူ ကလေးများသည် အခြားသူများနှင့် ပေါင်းသင်းဆက်ဆံစေခြင်းသည် အကောင်းဆုံးမဖြစ်နိုင်ပါ။ ပေါင်းသင်းဆက်ဆံရေးကား ကြားနေ၍မရပါ။ ဖြူချင်လည်း ဖြူရမည် သို့မဟုတ် မဲချင်လည်း မဲရမည်။ တစ်ခုခုတော့ ရွေးချယ်ရပါသည်။

၁။ အကျိုးရှိသော အပြုသဘောပေါ်လွင်သော၊ အများအကျိုးကို ရှေ့ရှုပြီး စည်းကမ်းရှိသော ပေါင်းသင်းဆက်ဆံရေးသည် မိမိကိုယ်ကို တန်ဖိုးထားမှု အရည်အသွေးနှင့် အရည်အသွေး ချိန်သားညီမျှမှုဖြင့် မိသားစုကို ခိုင်မာစွာတွယ်နှောင်လေ့ရှိသည်။ ယင်းသည် အပြန်အလှန်အားဖြင့် ကလေးငယ်များ အစဉ်မပြတ် ကျိုးကြောင်းဆင်ခြင်နိုင်သည့် မိသားစု၏တန်ဖိုးများနှင့် အတွေ့အကြုံများပေါ်တွင် ကျယ်ပြန့်စွာတည်ရှိနေသည်။ တစ်နည်းအားဖြင့် ရွယ်တူကလေးများနှင့်သာ များသောအားဖြင့် အတူသွား၊ အတူစား၊ အတူအချိန်ဖြုန်းလေ့ရှိသော ကလေးတစ်ဦးသည် မိသားစု၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပူးပေါင်းပါဝင်နေသောကြောင့် မိသားစု၏ ပူးပေါင်းဆောင်ရွက်မှုကိုလိုချင်သည်။ လိုအပ်သည်။ ထိုအပေါ်တွင် မှီခိုနေရပါသည်။ ထိုကလေးသည် မိမိကိုယ်မိမိ တန်ဖိုးထားသော ကလေးမျိုးဖြစ်သည်။

၂။ အခြားတစ်ဘက်တွင်လည်း အပျက်သဘောဆောင်သော အတ္တကိုသာ ဦးစားပေးသော ပေါင်းသင်းဆက်ဆံရေးသည် ကလေးငယ်၏ ပထမအသက် အပိုင်းအခြား ၈လမှ ၁၂လအတွင်းတွင် ရွယ်တူများနှင့်အတူ ပေါင်းသင်းမှုအချိန်ကာလ ပိုများခြင်းနှင့် နေအိမ်တွင် အဓိပ္ပါယ်ပြည့်ဝသော မိဘများ၏ ဆက်သွယ်မှုနှင့် တာဝန်သိသော အတွေ့အကြုံ အလွန့်အလွန် နည်းပါးခြင်းတို့မှ ဆင်းသက်လာသည်။ ရွယ်တူများ၏ စောစီးစွာလွှမ်းမိုး ဩဇာသက်ရောက်မှုသည် မိဘများ၏ ပြောဆိုဆုံးမမှုတည်းဟူသော မိသားစုနှင့် တန်ဖိုးကို ကွဲပြားဆန့်ကျင်သွားစေတတ်သည်။ ရွယ်တူများက မိဘများ၏နေရာတွင်ဝင်ပြီး ၎င်းတို့၏အတုယူစရာ ဖြစ်လာသောအခါ ကလေးများက မိဘများ၏ တောင်းဆိုချက်များ အဘယ်ကြောင့် ပေါ်ပေါက်ရသည်ကို နားလည်သဘောပေါက်ခြင်း မရှိတော့ပါ။ အကြောင်းမူကား လူတိုင်း သူ၏ရွယ်တူတိုင်းက ဤသို့ပင်ယူဆနေကြသဖြင့် မိဘများ၏ တန်ဖိုးကိုနားလည်ခြင်း မရှိတော့ပေ။ ထို့အတူ သူ၏နောင်လာမည့် မျိုးဆက်အတွက် လက်ဆင့်ကမ်းရမည့် တန်ဖိုးလည်း သူ့တွင်မရှိသလောက် ရှားပါးသွားပေတော့သည်။ သူ၏လက်တွေ့ကျမှု၊ ကြိုးပမ်းအားထုတ်လိုစိတ်ရှိမှု သို့မဟုတ် မိမိကိုယ်မိမိ လမ်းညွှန်မှုတို့သည်သာ မှေးမှိန်ပျောက်ကွယ်နေတတ်ပါသည်။

အသက် ၆၀ အရွယ်များ၏ ဆန့်ကျင်ဖီဆန်မှုများ၊ အသက် ၇၀ များ၏ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် လိင်မှုကိစ္စများနှင့် အသက် ၈၀ များ၏ မကောင်းမှုတွင်ကျင်လည်သည့် ကိစ္စများစွာ ရှိနေကြပါသည်။ အခြားတစ်ဘက်တွင်လည်း ကျွန်ုပ်တို့၏ နေအိမ်တွင်ပညာသင်သည့် ကျောင်းများ၌ မည်သည့်အခါမျှ မူးယစ်ဆေးဝါးကို တွေ့ရမည်မဟုတ်ပါ။ နေအိမ်ပညာရေး ဆောင်ရွက်သော မိဘများသည် ညွှန်ကြားမှုကို လိုက်နာတတ်သောစိတ် ရှိသူများဖြစ်ကြပြီး ၎င်းတို့ အိမ်နီးချင်းများအတွင်းတွင်လည်း လူမှုရေးဦးဆောင်သူများဖြစ်ကြပါသည်။ သူတို့၏ နေအိမ်များသည် မည်သည့်မိဘများက သားသမီးများကို ဂရုစိုက်ကြောင်း သဘာဝအလျောက် သိမြင်တတ်သော ကလေးငယ်များ၏ လူမှုရေးဌာနများ ဖြစ်နေလေ့ရှိကြပါသည်။

## နေအိမ်ပညာရေးအတွက်ကန့်သတ်ချက် ၁၀ချက်

နေအိမ်ပညာရေးကို စတင်ဆောင်ရွက်သူများအားလုံးအတါက် ယေဘုယျအားဖြင့် အသုံးပြုနိုင်သည့် အကြံဉာဏ်အချို့ကို ဖော်ပြထားပါသည်။ ၎င်းတို့ကို နေအိမ်ပညာရေးအတွက် ကန့်သတ်ချက် ၁၀ချက်ဟုခေါ်ဆိုနိုင်ပါသည်။ ထိုအကြံဉာဏ်များသည် အမျိုးသားအမျိုးသမီးများနှင့် နေအိမ်ပညာရေး ကျွမ်းကျင်သူများ၏ ကိုယ်ရေးအတွေ့အကြုံများမှ ရရှိလာခြင်းဖြစ်ပါသည်။

၁။ သင်၏ မိဘများအဖြစ် ယုံကြည်မှုများနှင့် ရည်မှန်းချက်များ တိကျသောချာမှုရှိပါစေ။ လူမှုရေးဖိအားများနှင့် ညံ့ဖျင်းသော ဥပဒေများထက် သင်၏သားသမီးများက ပို၍အရေးကြီးသည်ဟု ယူဆလျှင် သင့်ကိုပတ်ဝန်းကျင်က ထူးဆန်းသည်ဟုပြောခြင်းအား

ဂရုဏာထားတတ်သော အိမ်နီးချင်းတစ်ဦးကဲ့သို့ သဘောထားကြီးနိုင်လျှင် နေအိမ်ပညာရေး ဆောင်ရွက်ရန်ဆုံးဖြတ်ပါ။ သင်၏ ကလေးငယ်များအကြောင်းကို ပိုမိုသဘောပေါက်လာသည်နှင့်အမျှ သူတို့အား ပိုမိုသင်ကြားပေးနိုင်ပါလိမ့်မည်။

၂။ သင်၏ စိတ်ရှည်လိုသော၊ နွေးထွေးလိုသော၊ တုန့်ပြန်လိုသော၊ ဖွဲ့ရှိသော မိဘတစ်ဦးဖြစ်လိုသော ဆန္ဒကိုဆန်းစစ်ပါ။ သင့်ကလေးငယ်များကို ကိုင်တွယ်ထိန်းချုပ်နိုင်ခြင်းမရှိလျှင် ကိုင်တွယ်ထိန်းချုပ်တတ်အောင် လေ့လာသင်ယူပါ။ သူတို့အား လမ်းညွှန်နိုင်သောကျောင်း သို့မဟုတ် အဖွဲ့အစည်းတစ်ခုသို့ ထည့်သွင်းအပ်နှံပါ။

၃။ သင့်ကလေးများ မည်သို့မည်ပုံ တိုးတက်သည်ကို လေ့လာသင်ယူပါ။ သို့မှသာ ကျောင်းအာဏာပိုင်များ/ ပညာရေးဆိုင်ရာ ပုဂ္ဂိုလ်များအား ဗဟုသုတပြည့်စုံပြီး အခိုင်အမာရှင်းလင်း ပြောပြနိုင်ပါလိမ့်မည်။

၄။ သင်၏ မိဘမဆိုင်ရာ အခွင့်အရေးများကို လေ့လာထားပါ။

၅။ အကောင်းဆုံးသော ရနိုင်သမျှ အကြံပေးသူများကို ရှာဖွေပါ။ လိုအပ်ပါက အထူးကျွမ်းကျင်သော အကြံပေးသူများကိုရှာပါ။ အကြံပေးမှု အတွေ့အကြုံ မျက်မြင်အတွေ့အကြုံမရှိဘဲ တရားရုံးသို့မသွားပါနှင့်။

၆။ သင်၏ စွမ်းရည်နှင့် ယုံကြည်မှုများနှင့် ကိုက်ညီသော သင်ရိုးညွှန်းတမ်းတစ်ခုကို စဉ်းစားအသုံးပြုပါ။ မိဘများစွာတို့သည် ကျောင်းများ၏ အကူအညီအလိုဘဲ ၎င်းတို့၏ ကိုယ်ပိုင်လေ့လာမှုများ၊ သင်ခန်းစာများကို စီစဉ်တတ်ကြပါသည်။ သို့ရာတွင် စတင်သင်ကြားစဉ်က အတွေ့အကြုံရှိသူများထံမှ အကူအညီရယူပါက ပို၍ထိရောက်ပါသည်။

၇။ သင်၏ သင်ကြားရေးအစီအစဉ်သည် ချိန်သားကိုက်ညီမှု၊ ဟန်ချက်မျှတမှု ရှိပါစေ။ သင့်ကိုယ်တိုင်ပင် တစ်နေ့လုံးလိုလို စာအုပ်များထဲတွင် နစ်မြုပ်မထားပါနှင့်။ စံပြနေအိမ် ပညာသင်ကျောင်းတစ်ခုအတွက် တစ်နေ့လျှင် ၁နာရီ ၃၀မိနစ်မှ ၂နာရီခန့်အချိန်သည် လုံလောက်သော သင်ကြားချိန်ဖြစ်ပါသည်။ ထိုနောက် သင်၏ကလေးများနှင့်အတူ အလုပ်လုပ်ပါ။ စာဖတ်ပါ။ သီချင်းဆိုပါ။ ကစားပါ။ နားပါ။ နေရာအနှံ့အပြားသို့ သွားလာပါ။ သင့်တွင် သားသမီးတစ်ဦးထက်ပို၍ရှိပါက ကြီးသောကလေးကို ငယ်သောကလေးအားသင်ကြားခိုင်းပါ။ ကြီးသောသူက ငယ်သူကို ကူညီခိုင်းပါ။ နေအိမ်ပညာရေးတွင် စိတ်ရွှတ်ထွေးစရာများ နည်းပါးစေပြီး ပျော်ရွှင်စရာများ ဖန်တီးပေးရပါမည်။ သင်ကြားသည့်ကာလတိုင်း နမူနာကိုအသုံးပြုပါ။ နွေးထွေးကြင်နာစွာ တုန့်ပြန်ပါ။ သင်၏ စိတ်ကူးဉာဏ်များကို အသုံးပြုပါ။ မြင်သော၊ ကြားသော၊ ထိတွေ့သော၊ အရသာရှိသော၊ အနံ့ခံသောအရာအားလုံးသည် သင်ကြားရေးပစ္စည်းကိရိယာများပင် ဖြစ်ပါသည်။

၈။ ထူးခြားစွာ အောင်မြင်ရမည်ဟု မမျှော်မှန်းပါနှင့်။ အောင်မြင်သည်ဖြစ်စေ၊ မအောင်မြင်သည်ဖြစ်စေ အရှက်ပါနှင့်။ သင့်ကျောင်းကို အမည်တပ်ပါ။ သို့မှသာ ဥပမာ သင့်သားသမီးများက "ရိုက်စ် ခရစ်ယာန်ပညာသင်ကျောင်း" ဟုပြောပြနိုင်ပါလိမ့်မည်။ သင်၏ ကျောင်းကို ဒေသခံပြည်သူပိုင်ကျောင်း၏ ကျောင်းခွဲတစ်ခုအဖြစ် သဘောထားပါ။ သို့မဟုတ် သင်းအုပ်ပိုင်နယ်မြေ ကျောင်းခွဲတစ်ခုအဖြစ် သဘောထားပါ။ သို့မဟုတ် နယ်မြေပညာရေးတာဝန်ရှိသူများနှင့် ဆက်ဆံရာတွင် ယုံကြည်မှုရှိစေရန်အတွက် အသိအမှတ်ပြုလက်မှတ်ရ ဆရာတစ်ဦး၏ ကြီးကြပ်မှုရရှိအောင် စီစဉ်ပါ။ နေအိမ်ပညာရေး ကျောင်းတစ်ခုနှင့်တစ်ခု တစ်ထပ်တည်းမတူညီနိုင်သည်ကိုသတိပြုပါ။ သင့်ကလေးများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်ရှိသည်ဟု ဆုံးဖြတ်ပါက သင်ကောင်းစွာဖြည့်ဆည်းပေးနိုင်ပါလိမ့်မည်။

၉။ ကယ်လီဖိုးနီးယားပြည်နယ်ကဲ့သို့ ပြည်နယ် သို့မဟုတ် ခရိုင်ပညာရေးရုံးတွင် ကျမ်းကျိန်လွှာရရှိပြီးသော်လည်း ကျောင်းပညာရေး တာဝန်ရှိသူအများစုက သင့်အား တိုးတိုးတိတ်တိတ် ဆောင်ရွက်နေသည်ဟု ယူဆနိုင်ပါသည်။ တာဝန်ရှိသမျှားက သင့်အား ပြဿနာရှာလျှင်ဖြစ်စေ၊ ဖမ်းဆီးမည်ဟု ခြိမ်းခြောက်လျှင်ဖြစ်စေ၊ စိတ်အေးလက်အေးထားပါ။ သင်ဆောင်ရွက်ထားသော အထောက်အထားကိုပြပါ။ အဆိုပါ အထောက်အထားနှင့် ပတ်သက်ပြီး ပို၍ကောင်းမွန်သော အကြံဉာဏ်များကိုပြပါ။ အဆိုပါ အထောက်အထားနှင့်ပတ်သက်ပြီး ပို၍ကောင်းမွန်သော အကြံဉာဏ်များ ရှိမရှိမေးပါ။ သူတို့က အလျှော့မပေးပါက ကျွမ်းကျင်သူတစ်ဦး၏ အကူအညီကို ရယူပါ။ တရားရုံးများက တားဝရမ်းထုတ်ခြင်း၊ ပညာရေးဆိုင်ရာအဖွဲ့၏ မျက်ကွယ်တွင်ကြားနာခြင်း စသည်တို့ကို ပြုလုပ်နိုင်ပါသည်။ ထိုအခါ သင်၏ကိုယ်စား ကျွမ်းကျင်သူနှင့် တာဝန်ရှိသူများ ဆွေးနွေးခြင်းဖြင့် အဆင်ပြေပါလိမ့်မည်။

၁၀။ စိတ်အေးအေးထားပါ။ သင်၏ကလေးများက သင်မျှော်မှန်းထားသလို မြန်သင့်သလောက်မြန်အောင် မသင်ယူနိုင်ပါက ကျွမ်းကျင်သူ၏ အကြံဉာဏ်ကိုယူပါ။ စိတ်ရှည်ရှည်ထားပါ။

သင်၏ မိဘဆိုင်ရာ အခွင့်အာဏာနှင့် တာဝန်များကို အစိုးရအားလက်လျှော့ ပေးလိုက်ရသော်လည်း သင်၏သားသမီးများအတွက် သင့်တွင်တာဝန်ရှိနေဆဲ ဖြစ်ပါသည်။ သို့သော် သင်၏လုပ်ပိုင်ခွင့်ကို မည်သည့်အခါမျှ ပြည့်ဝစွာပြန်လည်ရယူနိုင်မည် မဟုတ်ပါ။

ဖရက်ဒရစ် လီပလေး ( Frederick Le Play) ဂျေဒီ အန်ဝင်း (J.D Unwin) သို့မဟုတ် ကားလ်ဇင်မာမန် (Carle Zimmerman) တို့ကဲ့သို့သော ထင်ရှားသည့် စိတ်ပညာရှင်ကြီးများက ဤကဲ့သို့ ကျွန်ုပ်တို့ယုံကြည်မှုရှိလျှင် ကျွန်ုပ်တို့၏ သားသမီးများနှင့် နေအိမ်ထဲတွင်ပင် ပိုမိုအချိန်ပေးအတူနေရမည့်ပြင် ကျွန်ုပ်တို့၏ လူ့အဖွဲ့အစည်းများနှင့် တစ်ထပ်တည်းတူညီသော ဂရိစ် သို့မဟုတ် ရောမ လူ့အဖွဲ့အစည်းများကဲ့သို့ ပြိုလဲသွားမည်ကို စိုးရိမ်ရသောကြောင့် ယိုယွင်းလာသောဖိအားများနှင့် ဥပဒေများမှ ကာကွယ်ပေးကြရပါမည်။

ကျွန်ုပ်တို့သည် အလိုလိုက်မှုလျှော့ပြီး ပိုမိုနွေးထွေးမှုနှင့် တသမတ်တည်းသော ခိုင်မာမှုတို့ ရှိကြရပါမည်။ မိဘများ၊ ပစ္စည်း

ကိရိယာများအပြင် ပျော့်ရှင်ဖွယ်ကစားစရာများထက် တုန်များ၊ စူးချွန်များဖြင့် ပိုမိုအလုပ်လုပ်ကြရပါမည်။ သက်ကြီးရွယ်အိုများ၊ လူငယ်များ၊ ဆင်းရဲသားများနှင့် အိုမင်းမစွမ်းသူများကို ပိုမိုဖြည့်ဆည်းပေးရမည်ဖြစ်ပြီး အားကစားများ၊ စိတ်ကြည်နူးမှုများကို လျှော့ရပါမည်။ မြင့်မြတ်သော နိုင်ငံသားများဖြစ်ရေးကို ဦးတည်လိုက်ပါစေသော။ မိမိကိုယ်မိမိထိန်းချုပ်မှု၊ အကျိုးဖြစ်ထွန်းမှုနှင့် တာဝန်သိမှုတို့ကို ပိုမိုအားထုတ်ရပါမည်။ ယင်းရလဒ်ကို မိဘများနှင့် နေအိမ်ကသာ အကောင်းဆုံးဆောင်ရွက်နိုင်သည်။

အောက်ပါတို့မှာ ကျွန်ုပ်တို့ကြားရသော သို့မဟုတ် ဆောင်ရွက်ရာတွင် တွေ့ကြုံရသော အဖြစ်အပျက်များ ဖြစ်ပါသည်။ ယင်းသို့သော နေအိမ်တွင် ပညာသင်ကြားရေး အတွေ့အကြုံများသည် သင်ကိုယ်တိုင် နေအိမ်ပညာရေး ဆောင်ရွက်ရန် အထောက်အကူဖြစ်စေ၊ တိုက်တွန်းအားပေးမှု ဖြစ်စေ၊ တစ်ခုခုကို ဖြည့်ဆည်းပေးနိုင်မည်ဟု မျှော်လင့်ပါသည်။

## မေမေသူနာပြုဆရာမနှင့် ဖေဖေမွေးမြူရေးသမား ( မာဂီးရှေ့ဖား Margic Schaefer)

ကျွန်မ၏ သားလေးကို အလျှော့ပေးနေရခြင်းအတွက် ကျွန်မစိုးရိမ်ခဲ့မိပါသည်။ ကျွန်မတို့ကား မျှော်လင့်ချက်မဲ့နေခဲ့ကြပါသည်။ ပြည်သူပိုင်ကျောင်းများ၏ အခြေအနေတစ်ရပ်လုံးကို ကျွန်မစိတ်ပူမိသည်။ တစ်နေ့တာအတွက် လိမ်ညာမှု၊ လုယက်ဖျားမှုများကသာ ကြီးစိုးနေသည်။ ရေအိမ်သာများ ပိတ်ဆို့စေရန် ဖိနပ်များ၊ ဆွယ်တာအင်္ကျီများ စသည်တို့ကို ထိုးကြိတ်ထည့်ထားကြသည်။ အတော်ဆုံး အင်အားအကြီးဆုံး အကောင်းဆုံးဖြစအောင် နေ့စဉ်နှင့်အမျှ ပြိုင်ဆိုင်နေကြသည်။

“ဒါပေမဲ့ ခင်ဗျားကလေးတွေကို ဘာမှခင်ဗျား ကာကွယ်ပေးနိုင်မှာ မဟုတ်ဘူး” ဟု လူများကပြောကြသည်။ ဘ၀သည် ခက်ခဲကြမ်းတမ်းသည်။ သို့သော် ကလေးပေါင်းများစွာတို့ ကြီးနိုင်ငယ်ညှင်းမှုများ၊ ဖျက်ဆီးမှုများကြောင့် ထိခိုက်ခံစားကြရသည်။ သင်သည် နှုတ်စကားဖြင့် အကြိမ်ပေါင်းမည်မျှ စော်ကားခံနိုင်ပါသနည်း။ ထိုကြောင့် မာ့က် (Mark) ကိုကျောင်းမှထုတ်ရန် ကျွန်မတို့ဆုံးဖြတ်ခဲ့ကြပါသည်။

ကျွန်မတို့အနေဖြင့် မာ့က်အတွက် စာအုပ်များကို ဝယ်နိုင်စွမ်းရှိပြီး ကျောင်းစာသင်ခန်းတွင် သင်ကြားသော သင်ခန်းစာများကကို ကျွန်မတို့ ဆက်လက်သင်ကြားပေးပါမည်။ ကျွန်တို့နယ်မြေရှိ ဘုရားရှိခိုးကျောင်းမှ ဘုန်းတော်ကြီးအား ဖုန်းဆက်၍ မာ့က်ကိုပညာသင်ကြားပေးရာတွင် ကြီးကြပ်ပေးနိုင်မည့်သူ တစ်ဦးတစ်ယောက်ရှိမရှိ မေးကြည့်ခဲ့ပါသည်။ ကျွန်မသည် မှတ်ပုံတင်သူနာပြုတစ်ဦးဖြစ်သော်လည်း အခြားသော မိဘများကဲ့သို့ပင် မာ့က်အားလမ်းညွှန် သင်ကြားပေးရန် မရွံ့မရဲဖြစ်နေခဲ့မိသည်။ ဘုန်းတော်ကြီးက ဆရာဖြစ်သင်လက်မှတ်ရ ဆရာမတစ်ဦးနှင့် ဆက်သွယ်ပေးခဲ့သည်။ ပညာသင်နှစ်အတွက် ကျန်နေသောကာလများ၌ အိမ်တွင်ပညာသင်ကြားပေးရန် တစ်ပတ်လျှင် ဆရာမနှင့် တစ်ကြိမ်တွေ့ရသည်။ သူမ၏ကြီးကြပ်သင်ကြားမှုကို လေ့လာခြင်း၊ နောင်နှစ်ပညာသင်နှစ်တွင် မာ့က်ကို စာသင်ပေးရန် ကျွန်မကိုယ်ကျွန်မ ယုံကြည်မှုရှိလာခဲ့သည်။

ကျွန်မတို့တွင် မည်သည့်ပြဿနာမျှ မရှိခဲ့ကြပါ။ နယ်မြေတာဝန်ရှိသူများကို သတင်းပို့ရသည်။ ထိုဖိအားပေးမှု၏ဒဏ်ကို ကျွန်မခံစားရသည်။ သင်ဝန်ခံသည်ဖြစ်စေ၊ ဝန်မခံသည်ဖြစ်စေ အခြားသူများက သင့်အပေါ်ထားရှိသော အမြင်သည်အရေးကြီးပါသည်။ ထိုနောက် ကျွန်မတို့သည် အမြော်အမြင်ရှိသော အစီအစဉ်တစ်ခုကို ဆုံးဖြတ်ခဲ့ကြသည်။ ယင်းမှာ ကျောင်း၏စနစ်ကို သူ့အတိုင်းထားပြီး ကိုယ့်နည်းကိုယ့်ဟန်အတိုင်း သတင်းပို့ရန် ကျောင်းမှတာဝန်ရှိသူနှင့် ဆွေးနွေးရန်ဖြစ်သည်။ ကျွန်ုပ်တို့ ကိုယ်ပိုင်အစီရင်ခံစာကို ပေးပို့ရပါမည်။ ထိုသို့ဆွေးနွေးရာတွင် ကျွန်မသိပ်သတ္တိမရှိကြောင်း ဝန်ခံလိုပါသည်။ သို့သော် ကျောင်းမှတာဝန်ရှိပုဂ္ဂိုလ်က အလွန်နားလည်မှုရှိပါသည်။ ခရိုင်မှဆရာဖြစ်သင် လက်မှတ်ရသော ဆရာတစ်ဦးကြီးကြပ်နေသမျှ ကာလပတ်လုံး ကျွန်တို့၏ နေအိမ်တွင် ပညာသင်ကြားရေး၌ မည်သည့်ပြဿနာမရှိကြောင်း ထိုပုဂ္ဂိုလ်က ရှင်းပြပါသည်။

ကျွန်မတို့သည် မာ့က်အား ကျောင်းထုတ်ရသည့် အကြောင်းပြချက်များကို အကျဉ်းချုပ်ရေးသားပြီး သူ့အားသင်ကြားပေးမည့် စာအုပ်များစာရင်းနှင့် သင်ရိုးညွှန်းတမ်းကိုပါ ပူးတွဲအစီရင်ခံခဲ့သည်။ နောက်စက်တင်ဘာလတွင်လည်း မာ့က်ကနေအိမ်တွင်ပင် စာသင်ကြားသောအခါ ထိုအစီအစဉ်အတိုင်းပင် ရေးသား၍ ကျောင်းကြီးကြပ်ရေးမှူးထံ အစီရင်ခံခဲ့သည်။

ထို့နောက် ကျွန်မတို့၏ နေအိမ်ပညာသင်ကြားရေးသည် အလွန်အောင်မြင်ခဲ့သဖြင့် ကျောင်းအာဏာပိုင်များအနေဖြင့် ကျွန်မတို့အတွက် စိတ်မပူကြတော့ပါ။ ကျွန်မနှင့်အိမ်ချင်းကပ်လျက်တွင်နေသော သူမကိုယ်တိုင် နယ်မြေပြည်သူပိုင် ကျောင်းတစ်ကျောင်းမှ ကျောင်းအုပ်ကြီးဖြစ်သူ အမျိုးသမီးက ကျွန်မတို့ အစီအစဉ်စသည်မှ ယနေ့ထိကူညီပံ့ပိုးနေဆဲ ဖြစ်ပါသည်။ သူမသည် ကျွန်မတို့နှင့် ကျောင်းအာဏာပိုင်များအကြား ဆက်ဆံရေးအရာရှိသဖွယ် ဖြစ်လာပါတော့သည်။

ကျွန်မတို့၏ အိမ်တွင်ပ်င် ပညာသင်ကြားပေးခြင်း တစ်နှစ်ပြီးသွားသောအခါ သာမန်စာသင်ခန်းတစ်ခုနှင့် ခြားနားသော အခြေအနေများသို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်။ ကျွန်မတို့၏ ပညာရေးခံယူချက်မှာ လူပုဂ္ဂိုလ်တစ်ဦးလုံး ပါဝင်လာခြင်းဖြစ်သဖြင့် ကျွန်မတို့၏ သင်ရိုးညွှန်းတမ်းကိုလည်း အလားတူပြောင်းလဲခဲ့ပါသည်။

ကျွန်မ၏သားများမှာ ၁၅နှစ်၊ ၁၂နှစ်နှင့် ၁၁နှစ်တို့ အသီးသီးဖြစ်ကြသဖြင့် ယခုအခါ သူတို့အားလုံးပင် အရေး အဖတ် အတွက်နှင့် သမ္မာကျမ်းစာကိုပါ လေ့လာလျက်ရှိကြပါသည်။ ထို့ပြင် အင်္ဂလိပ်ဘာသာ၊ စာလုံးပေါင်းခြင်း၊ သိပ္ပံ၊ ဂီတနှင့် လက်နှိပ်စက်ရိုက်ခြင်းတို့ပါ သင်ကြားလျက်ရှိသည်။ ကျွန်မတို့သည် အဆင့်သတ်မှတ်ခြင်းကို အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြသည်။ သူတို့၏ သင်ယူနိုင်သောနှုန်းအတိုင်း သင်ကြားရန်အားပေးပြီး ကြေညက်မှသာ ရှေ့သို့တစ်ဆင့်တက် သင်ယူစေသည်။ သူတို့အားနည်းသော ဘာသာတွင် ပို၍

အချိန်ယူပြီး သင်ကြားပေးသည်။

ကျွန်ုပ်တို့၏ သင်ရိုးညွှန်းတမ်းတွင် ခေါင်းစဉ်လေးခု ခွဲခြားထားသည်။ သမ္မာကျမ်းစာ လေ့လာခြင်း၊ သဘာဝကို လေ့လာခြင်း၊ အကျိုးပြုလုပ်ငန်းနှင့် ဘဝအတွေ့အကြုံဟူ၍ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာသင်မည့်နေ့များကို မိသားစုချစ်ခြင်းမေတ္တာဖြင့် စတင်ပါသည်။ ကလေးများသည် သမ္မာကျမ်းစာဖတ်စာအုပ်နှင့် လေ့ကျင့်ခန်းစာအုပ်များဖြင့် လေ့လာသင်ယူကြသည်။ ထို့နောက် ထိုနေ့အတွက် ကျောင်းလုပ်ငန်း/ကျောင်းစာကို ကျွန်မနှင့် ကလေးများအတူတကွ စီမံလျာထားကြသည်။ တစ်ခါတစ်ရံ သင်္ချာ သို့မဟုတ် စာဖတ်ခြင်းအတွက် ၂နာရီခန့် အချိန်ယူကြသည်။ ၎င်းတို့၏ အခက်အခဲနှင့် လိုအပ်ချက်များပေါ်မူတည်၍ သတ်မှတ်ကြပါသည်။ အခြားနံနက်ခင်းများတွင် သူတို့၏ သင်ရိုးညွှန်းတမ်းပါစာအုပ်များကို လေ့လာကြပါသည်။ အချို့နေ့များတွင် သူတို့၏ သင်ကြားရေးအစီအစဉ်တွင် စာအုပ်များမပါဝင်ပါ။

မွန်းလွဲပိုင်းတွင်မူ သူတို့၏ ကျောင်းစာများအားလုံး ပြီးစီးသွားပြီဖြစ်၍ အခြားလုပ်ငန်းများကို လွတ်လပ်စွာလုပ်ဆောင်နိုင်ကြပါသည်။ ယင်းသည်ပင် နေအိမ်ရှိပညာသင်ကြားရေးကို သူတို့အလွန်သဘောကျခြင်း ဖြစ်ပါသည်။

သူတို့သည် သိပ္ပံဘာသာရပ်အတွက် ပြဋ္ဌာန်းစာအုပ်များကို အသုံးပြုကြပါသည်။ သို့သော် ဥပမာ ခရီးရှည်ထွက်ခြင်း၊ အိမ်အနီးရှိတောင်ကုန်းများပေါ်သို့တက်ကာ သစ်ပင်များကို လေ့လာခြင်း၊ သစ်ရွက်များ၊ ပန်းများ၊ ကျောက်ဆောင်များ၊ ငှက်များနှင့် လမ်းတစ်လျှောက်ရှိ အင်းဆက်ပိုးများကို လေ့လာခြင်းစသည့် လက်တွေ့အတွေ့အကြုံများမှတစ်ဆင့် သိပ္ပံပညာ၏ အခြေခံစည်းမျဉ်းများကို သင်ကြားပေးနိုင်သော အခြားလုပ်ငန်းများကို ကျွန်ုပ်တို့တွေ့ရှိခဲ့ကြပါသည်။ သူတို့လေ့လာသည့် အိမ်မွေးတိရိစ္ဆာန်ကလေးများတွင် ငှက်များ၊ မြင်းများ၊ ယုန်များနှင့် ရှဉ့်များ ပါဝင်ကြပါသည်။ အဆိုပါအချက်များကို လေ့လာရန် လိုအပ်သည့်အပြင် ကလေးများ နေ့စဉ်အလေးပေးလေ့လာနိုင်ပါသည်။

ကျွန်မခင်ပွန်းမှာ သူ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ကုမ္ပဏီကိုယ်စား၊ နေရာဒေသအသီးသီးသို့ လှည့်ပတ်ဆွေးနွေးပြောကြားရသူဖြစ်သဖြင့် သူသွားသည့် အမေရိကန်ပြည်ထောင်စုနှင့် ကနေဒါရှိ ဒေသအသီးသီးသို့ ကျွန်မတို့အားလုံးလိုက်ပါကာ ပျော်ပျော်ပါးပါး လည်ပတ်လေ့လာကြပါသည်။

ကျွန်မတို့၏သားများအနက် သားတစ်ဦးဖြစ်သော ဂျွန်နသန် (Jonathan) အတွက် ပြဿနာတစ်ခုရှိပါသည်။ ဂျွန်သည် စာဖတ်ခြင်းကို လေ့လာသင်ယူလိုခြင်း မရှိပါ။ သူ့အရွယ်နှင့်လိုက်ပြီး ရင့်ကျက်မှုမရှိသေးသော်လည်း အသက်မှာ ၉နှစ်ရှိပြီဖြစ်ပါသည်။ ၉နှစ်ကလေးတစ်ဦးက စာမဖတ်ချင်ဘဲ ပြေးလွှားကစားနေချင်သည်။စာလည်းမဖတ်တတ်။ စာဖန်ရန်လည်း စိတ်မဝင်စားပါ။ အချို့ကလေးများသည် ၁၀နှစ်ကျော်သည့်တိုင် စာမဖတ်တတ်ကြကြောင်း ဒေါက်တာ ရေမွန်မိုရေး ( Dr. Raymond More) ကကျွန်မအား ပြောပြပါသည်။ သို့သော် ယခုအဖြစ်ကား ကျွန်မသားဖြစ်နေသည်။ ထို့ပြင် ကျွန်မသည် ကမ္ဘာပေါ်တွင် စိတ်အရှည်ဆုံး ပုဂ္ဂိုလ်တစ်ဦးမဟုတ်ပါ။ ကျွန်မပူပန်စပြုလာခဲ့ပါသည်။ ပြင်ပတွင် ကျွန်မ၏ မအောင်မြင်မှု/ ကျရှုံးမှုများကို စောင့်မျှော်နေသော ဘုရားကျောင်း စာသင်ကျောင်း ကျောင်းအုပ်နှင့် အိမ်နီးချင်းများရှိကြပါသည်။

သင့်ကလေးများအား နေအိမ်တွင် ပညာသင်ကြားပေးခြင်းသည် အဓိပ္ပါယ်ရှိ အကျိုးရှိသည့် ကိစ္စနစ်ခုဖြစ်သည်။ ကျွန်ုပ်တို့၏ မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းများကလည်း ထိုစိတ်ကူးကို ဆောင်ရွက်ရန် စိတ်ထက်သန်နေကြသည်။ သို့သော် ဂျိုနသန်ကို စာမဖတ်တတ်ဘဲ ပြေးလွှားဆော့ကစားခိုင်းထားခြင်းကား မဖြစ်နိုင်ပါ။

ထို့ကြောင့် သူ့ကိုကျွန်မသင်ကြားပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ ကျွန်မတို့နှစ်ဦးသား အတူထိုင်ကြသည်။ သူငယ်တန်းအဆင့် ရုပ်ပုံကားချပ်များနှင့် စာလုံးကြီးများ အတူတကွကြည့်ကြသည်။ သူကနည်းနည်းလေးမျှ ဂရုမစိုက်ပါ။ ကျွန်မသူ့ကို အပြင်းအထန်ဖိအားပေးသင်ကြားခဲ့သည်။ ကျွန်မ၏ ရင်ထဲတွင်ထိတ်လန့် တုန်လှုပ်စပြုလာခဲ့သည်။ ကျွန်မနှင့် သားကလေးတို့အကြားတွင် ပဋိပက္ခကပိုမိုပြင်းထန်လာခဲ့သည်။ ကျွန်မက သူ့ကိုပို၍တွန်းသည်။ သူက ခြေစုန်ရပ်ကာ တစ်ဖဝါးမှမရွှေ့ဘဲ ပေ၍ခံနေသည်။ လူတစ်ဦး သင်ယူလိုစိတ်ပေါက်လာအောင် သင်တွန်းအားပေးနိုင်ပါသလား။

အဆိုးဆုံးကား ကျွန်မခင်ပွန်းက ကျွန်မနှင့်ဆန့်ကျင်၍ “မတွန်းပါနှင့်တော့” ဟုအကြံပေးသည်။ “မင်းက သူ့ကိုကျောင်းမှထားတုန်းကထက်ပိုပြီး ဖိအားပေးလွန်းနေပြီ” ဟုပြောသည်။ ကျွန်မက “ဒါပေမဲ့ သူကစာဖတ်မသင်ချင်ဘူးလေ။ သူအမြဲတန်းငြင်းနေတာပဲ” ဟုပြောရာ ဒစ်က် (Dick) ကပြုံး၍ “သူက ၉နှစ်သားပဲရှိသေးတာပါဗျာ” ဟုစိတ်ရှည်စွာပြောပါသည်။ ၉နှစ်ပဲရှိသေးသတဲ့လား။ “ဒါဟာ အသက်နဲ့မဆိုင်ဘူး။ သူ့အရွယ်မှာ မရင့်ကျက်သေးဘူး။ တို့နဲ့ အတူခရီးထွက်ပြီး တိရစ္ဆာန်ကလေးတွေကို လေ့လာပါစေ။ သူ့ကိုကလေးဘဝကလေးလို ခဏလောက်ဆက်ပြီးနေဖို့ မင်းခွင့်မပေးနိုင်ဘူးလား။ မြင်းတစ်ကောင်ကို မလေ့ကျင့်ဘဲ မြင်းပြိုင်ပွဲကို အတင်းဝင်ခိုင်းလို့မရဘူး။” ကျွန်မ နှုတ်ပိတ်သွားရပါတော့သည်။ သူပြောသည့်အတိုင်းပင် ပြစ်ထားလိုက်ပါသည်။ နောက်ဆုံးတွင်မူ ဒစ်က် (Dick) သည် ကျွန်မတို့၏ အိမ်ထောင်ဦးစီး မဟုတ်ပါလား။ သို့သော် ထိုကိစ္စကား မလွယ်ကူလှပါ။

တစ်နှစ်ကုန်သွားခဲ့ပြီး။ သူယခုထိစာမဖတ်တတ်သေး။ သို့ဖြင့် တစ်နေ့တွင် ဘာမပြောညာမပြောနှင့် ကျွန်မနားတွင် မယုံနိုင်သောစကားကို ကြားလိုက်ရသည်။ “သားလည်း မာ့က်လို စာဖတ်သင်ချင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သူကလမ်းမှာတွေ့သမျှ ဆိုင်းဘုတ်တွေကို အကုန်ဖတ်တတ်တယ်”။ သူကား ဂျွန်နသန်ပင်ဖြစ်ပါသည်။

ကျွန်မတို့သည် ဖတ်စာအုပ်တစ်အုပ်နှင့် နားထောင်ရင်းဖတ်နိုင်သော တိပ်ခွေတစ်ခုကို ဝယ်ခဲ့သည်။ သူက တိပ်ခွေကိုဖွင့်သည်။ စာအုပ်ကို လိုက်ဖတ်ကြည့်သည်။ အခြားစာအုပ်များကို ကောက်ယူ၍ ဖတ်ကြည့်စပြုလာသည်။ သူက အိန္ဒိယလူမျိုးများကို စိတ်ဝင်စား

သည်။ ထိုအချက်က သူဖတ်နေသော စာမျက်နှာ ၂၀၀ခန့်ရှိ (Friday, Arapaho) စာအုပ်ကိုကြည့်၍ ခန့်မှန်းရသည်။ ၄လအတွင်း ထိုစာအုပ်ကို ၁၅ကြိမ်တိုင်တိုင် ဖတ်ခဲ့သည်။ ၆လအတွင်း သူ၏အသံထွက် စာဖတ်မှုသည် ပိုမိုတိကျလာပြီး လူကြီးများကဲ့သို့ပင် အသံထွက်မှန်ကန် ပီသလာခဲ့သည်။ သူသည် တစ်ခုခုကို စတင်လုပ်ကိုင်ပြီဆိုလျှင် သူ့ကိုမည်သူမျှ ဟန့်တားနိုင်ခြင်းမရှိတော့။ ကျွန်မ အံ့သြလွန်းလှပါသည်။ ယင်းကိစ္စသည် ဖြစ်မြဲကိစ္စတစ်ခုမဟုတ်ကြောင်းကို နောင်တွင်ကျွန်မလေ့လာတွေ့ရှိခဲ့ရပါသည်။

ကျွန်မတို့က သူတို့အား သတ်မှတ်ထားသော စံများနှင့် စမ်းသတ်ခြင်းအပေါ်တွင် အလေးမပေးပါ။ မျက်မှောက်ကာလရှိ အချို့သောစံများမှာ ကျဆင်းနေပါသည်။ ကျွန်မတို့က သူတို့၏ ကိုယ်ပိုင်အမြင့်ဆုံးစွမ်းအားအတိုင်း အလားအလာအတိုင်း ဖွံ့ဖြိုးတိုးတက်ရေးကိုပိုမို လိုလားပါသည်။ အထက်တန်းအတွက် လိုအပ်သောသတ်မှတ်ချက်များ ပြီးဆုံးသောအခါ သူတို့အနေဖြင့် အထက်တန်းဒီပလိုမာနှင့်အဆင့်တူသော စာမေးပွဲကို ဝင်ရောက်ဖြေဆိုကြရမည့်အပြင် ကောလိပ်ဝင်ခွင့် စာမေးပွဲကိုလည်း ဖြေဆိုကြရပါလိမ့်မည်။ သူတို့အောင်မြင်မည်ကို ကျွန်မတို့ သံသယရှိစရာမလိုပါ။

ကျွန်မတို့ နေအိမ်ပညာရေး အစီအစဉ်၏ အကြီးမားဆုံးသောဆုလဒ်မှာ ကျွန်မတို့၏ လျော့ရည်းနေသော မိသားစုကို ပိုမိုကျစ်လျစ်ခိုင်မာစေခြင်းပင် ဖြစ်ပါသည်။ ထို့ပြင် ကျွန်မတို့အားလုံး မိတ်ဆွေသူငယ်ချင်းများ ဖြစ်ကြပါသည်။ သင်သည် ကလေးများနှင့် မိတ်ဆွေသူငယ်ချင်း မဖြစ်သေးဘူးဆိုပါက သင်သည်ကလေးများနှင့် ခိုက်ရန်ဖြစ်ပွားပြီး ပြဿနာများ ရှိနေသေးကြောင့် ဖြစ်ပါသည်။ သူတို့၏ သားသမီးများသည် ရန်သူများသဖွယ်ဖြစ်နေပြီး သူတို့မည်သို့ ဖြေရှင်းရမှန်းမသိကြောင်း အချို့သောမိဘများက ဝန်ခံပြောဆိုကြပါသည်။ အချို့မိဘများတွင် သားသမီးများရှိကြပြီး သားသမီးများမှာ များစွာသောလုပ်ငန်းများဖြင့် ဝိုင်းရံရစ်ပတ်ထားကြသောကြောင့် သူတို့သည် အိမ်အမိုးတစ်ခုတည်းအောက်တွင် အတူတူအိပ်နေကြရလင့်ကစား သူစိမ်းတရံဆန်များ ဖြစ်လာကြပါသည်။

မိသားစုအများစုတွင် တွေ့ရခဲလှသော သံယောဇဉ်ဖွဲ့နှောင်ပြီး ရဲဘော်ရဲဘက်စိတ်မျိုးကို ကျွန်မတို့ မိသားစုတွင် တွေ့ရှိရပါသည်။ သူတို့၏ ကျောင်းစာများကို အတူတကွဆောင်ရွက်ခြင်းဖြင့် ကျွန်ုပ်တို့အချင်းချင်း စည်းရုံးနီးကပ်လာစေပါသည်။ ကျွန်မတို့အချင်းချင်း ယုံကြည်ကြသည်။ ဝေမျှကြသည်။ အချင်းချင်း အပြန်အလှန်ခိုင်မာသော လေးစာမှုရှိကြသည်။ ကျွန်ုပ်တို့ မိသားစုငါးဦးကိုယ့်လမ်းကိုယ်သွားနေကြသော်လည်း ကျွန်ုပ်တို့၏ အကြီးမြတ်ဆုံးသော ပျော်ရွှင်မှုကား အတူတကွ အလုပ်လုပ်ကြရခြင်းပင်တည်း။

## ဘဏ်လုပ်ငန်းရှင်ဖေဖေနှင့် ကျောင်းဆရာမမေမေ (မက်ဂ်ဂျွန်ဆင်)

ကျွန်မသည် သင်တန်းဆင်း ကျောင်းဆရာမတစ်ဦးဖြစ်ပြီး ကျွန်မ၏ ခင်ပွန်းမှာ နယူးယောက်မြို့ဘဏ်လုပ်ငန်းရှင်တစ်ဦး ဖြစ်သဖြင့် ကျွန်မတို့အနေဖြင့် စံပြုအပ်သော နေအိမ်ပညာရေး ဆောင်ရွက်သူများမဟုတ်ကြပါ။ သို့ရာတွင် ကျွန်မသည် နေအိမ်ပညာရေး ဆောင်ရွက်သူများနှင့်အတူတွဲပြီး မိသားစုကျောင်းများသည် ဆရာများ သင်ကြားသော ပညာရေးအစီအစဉ်နှင့် အဆက်အဆံနည်းပါးရခြင်းကိုသိလို၍ လုပ်ငန်းဆောင်ရွက်ခဲ့ပါသည်။ အချို့သော ပညာရေးသင်ခန်းစာအချို့တွင် အားနည်းချက်များ ရှိနိုင်သောအကြောင်းခြင်းရာများရှိနေပါသည်။ သားသမီးများအား ချစ်တတ်ပြီး စိတ်ရင်းကောင်းသော မိခင်တစ်ဦးဖြစ်လင့်ကစား သူမ၏ကိုယ်ပိုင် သားသမီးများ၏ ပုံမှန်ကျောင်းဆရာတစ်ဦးအဖြစ် ဆောင်ရွက်ရေးမှာ အလှမ်းဝေးကွာလှပါသည်။ ထိုသို့သော မိခင်ကောင်းများတွင် အချို့မှာ အထက်တန်းကို ပြီးမြောက်အောင်သင်ယူခြင်း မရှိခဲ့ကြရပါ။သို့သော် သူတို့တွင် သားသမီးများအား မည်သို့ဖြစ်စေချင်သည်ဟူသော တိကျရှင်းလင်းသည့် စိတ်ကူးတော့ရှိကြပါသည်။ ကောင်းသောအကြံဉာဏ်များ ရယူရန်ပြတ်သားစွာ ချမှတ်တတ်ကြပါသည်။ သူတို့ကလေးများသည်လည်း ကလေးအားလုံးထဲတွင် အကောင်းဆုံး သင်ယူနိုင်ကြသူများ ဖြစ်ကြပါသည်။

အဆိုပါ ပညာရေးအစီအစဉ်ကို မိခင်တစ်ဦး၏ ဉသုံတာဝန်ယူမှုမှာ အဓိကလွှမ်းမိုးသော အချက်ဖြစ်ပါသည်။ သူမ၏ သဘောထားနှင့် ကျိုးကြောင်း ဆီလျော်သော မိမိကိုယ်မိမိ ယုံကြည်မှုရှိခြင်းတို့သည်လည်း အရေးကြီးပါသည်။

ကျွန်မတို့၏ သားသမီးများဖြစ်ကြသော မီလစ်ဆာနှင့် ကော်ရင်နီး တို့သည် မည်သည့်ပုံမှန်ကျောင်းကိုမျှ တက်ရောက်သင်ကြားခြင်း မရှိခဲ့ပါ။ ယခုအခါ သူတို့သည် ၈နှစ်နှင့် ၉နှစ်အသီးသီး ရှိနေကြပြီး တတိယတန်းနှင့် စတုတ္ထတန်းအဆင့် ပညာရေးကို လေ့လာသင်ယူလျက် ရှိကြပါသည်။ ကျွန်မတို့၏ စာသင်ခန်းသည် မြေအောက်ခန်းရှိ သေးငယ်သော အခန်းကလေးတစ်ခု ဖြစ်ပါသည်။ ကျွန်မတို့ အသုံးပြုနေသော မီးဖိုချောင်၊ ခြံဝင်းနှင့် စန္ဒရားထားသည့် ဧည့်ခန်းတို့သည်လည်း သင်ကြားရေးလုပ်ငန်းများ ဆောင်ရွက်သည့်နေရာများ ဖြစ်ကြပါသည်။ ကျွန်မတို့၏ နေအိမ်တွင် သင်ကြားသော ပညာရေးတွင် အသက် ၅နှစ်အရွယ်ရှိ ကျွန်မတို့၏ သားကလေး ဘရက်ဒ် (Brad) လည်း ပါဝင်သင်ကြားပါသည်။

ကျွန်မတို့သည် ခရစ်ယာန်လွတ်လပ်ရေးကျောင်း (Christian Liberty Academy) ပညာရေးအစီအစဉ်နှင့်အတူ ကားလ်ဗတ် (Calvert) ပညာရေးအစီအစဉ်များကို တစ်ချိန်တည်းပင်တွဲ၍ ၃နှစ်အသုံးပြုခဲ့သည်။ အခြားသော တွဲဘက်ပစ္စည်းကိရိယာများကိုပါ အသုံးပြုခဲ့ပြီး ယခုအခါ ကျွန်မတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် နေအိမ်ပညာရေးကို ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် "Mc-Guffey's Electic Readers & Beka Book" မှထုတ်ဝေသော စာစောင်များကိုလည်း အခြားသောဘာသာရပ်များစွာအတွက် အသုံးပြုခဲ့ကြပါသည်။

မရှိမဖြစ် သင်ကြားရသည့် ပညာရေးဆိုင်ရာ ဘာသာရပ်များအပြင် ယဉ်ကျေးမှု စည်းကမ်းများ၊ စစ်မှန်သော စကားပြောဆိုမှု အလေ့အကျင့်များ၊ ဂီတ၊ အိမ်တွင်းမှုလုပ်ငန်း ကာယပညာနှင့် အနုပညာတို့ကိုလည်း ပေါင်းစပ်သင်ကြားပါသည်။ နယ်မြေစာကြည့်

တိုက်သို့လည်း ပုံမှန်သွားရောက် လေ့လာမှတ်သားကြပါသည်။

ကျွန်မတို့နေအိမ် ပညာရေးအတွက် ကုန်ကျစရိတ်များ အမျိုးမျိုးရှိပါသည်။ ကျောင်းနေအရွယ် ကလေးတစ်ဦးအတွက် တစ်နှစ်စာအသုံးစရိတ်မှာ ဒေါ်လာ ၂၅၀မှ ၃၀၀ခန့် ဖြစ်ပါသည်။ ယခုအခါ ခရီးထွက်စရိတ်များနှင့် အသုံးပြုသော ပစ္စည်းများမပါဝင်ဘဲ တစ်နှစ်လျှင် ကလေးတစ်ဦးကို ဒေါ်လာ ၁၀၀မှ ၁၅၀အထိသာ ကုန်ကျအောင် စီမံခန့်ခွဲနိုင်ကြပြီ ဖြစ်ပါသည်။ ဓါတ်ဆီနှင့် စာအုပ်ဟောင်းများကို ရောင်းချခြင်းဖြင့် ပစ္စည်းကိရိယာများအတွက် ကုန်ကျစရိတ်ကာမိစေပါသည်။ ထို့ပြင် ကျွန်တို့၏ ကျောင်းသုံးစာအုပ်များကိုလည်း ပုံနှိပ်ထုတ်ဝေသူများထံမှ တိုက်ရိုက်ဆက်သွယ် ဝယ်ယူခဲ့ပါသည်။

ကျွန်မတို့ကလေးများအား နေအိမ်တွင်ပင် ပညာသင်ကြားပေးရခြင်းအတွက် အကြောင်းပြချက်များစွာ ရှိပါသည်။ ကျွန်မတို့ သားသမီးများ၏ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အထူးအလေးထားပါသည်။ ရွယ်တူဖိအားပေးမှုများနှင့် အများပြောနေကြသော "အုပ်စု သဘောထား" များက ကျွန်တို့သားသမီးများအပေါ် ဩဇာသက်ရောက်မည်ကို အလွန်ပင် စိုးရိမ်လှပါသည်။ TV ကြည့်ခြင်းကို တားမြစ်ခြင်းနှင့် အချို့သော စာအုပ်များနှင့် ကြော်ငြာများ ဖတ်ရှုခြင်းတို့ကိုလည်း ပပျောက်အောင်ဆောင်ရွက်ပါသည်။ အထူးသဖြင့် ကျွန်မတို့၏ သိမ်မွေ့သော ခရစ်ယာန်ဘာသာဝင် တန်ဖိုးများနှင့် အမွေခံများကို တိုက်ခိုက်မှုအတွက် စိုးရိမ်ပူပန်မိကြပါသည်။ အချို့သော စာရိတ္တဆိုင်ရာ စည်းမျဉ်းများသည် မှားယွင်းသော တန်ဖိုးသတ်မှတ်မှုများ၊ ကိုယ်ကျင့်တရားဆိုင်ရာ အခြေအနေများနှင့် ကျောင်းများတွင်ကလေးများ ကျင့်သုံးနေသည့် အပြုအမူပြောင်းလဲမှုများကြောင့် တန်ဖိုးလျော့လာကြရပါသည်။ ကျွန်မတို့၏ အတွေးအခေါ်မှလွန်စွာသွေဖီသည့် စနစ်တစ်ခုဆီသို့ ကျွန်မတို့၏ သားသမီးများ၏ စိတ်ဓါတ်များ ကူးပြောင်းတိုးတက်မှုကို ကျွန်မတို့လက်ပိုက်ကြည့်နေနိုင်မည်မဟုတ်ပါ။

ကျောင်းများသည် အဆိုပါငယ်ရွယ်လွန်းသော ကလေးများအား ပိုမိုပင်ပန်းစေပြီး စိတ်ဆင်းရဲစေကြကြောင်းကို ကျွန်မတို့ဖတ်ရှုလေ့လာသိရှိ ခဲ့ကြရပါသည်။ ထိုကလေးများသည် စိတ်ဆင်းရဲခြင်း၊ ပူပန်မှုဖိစီးခြင်းတို့ဖြင့် ဝန်ပိနေကြပြီး ဘတ်စ်ကားများပေါ်တွင်ဖြစ်စေ၊ ကျောင်းတွင်ဖြစ်စေ၊ ပြိုင်ဆိုင်မှုနှင့် လှောင်ပြောင်မှုတို့၏ သားကောင်များ ဖြစ်နေကြပါသည်။ ထိုအချိန်ကာလသည် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ စွမ်းရည်သည် စိတ်ပိုင်းဆိုင်ရာ စွမ်းရည်ကို မီလာသောအချိန်ဖြစ်ပြီး သူတို့ခံစားနေရသော စိတ်ခံစားမှုဆိုင်ရာ ပျက်စီးယိုယွင်းမှုကြောင့် သူတို့၏ မိမိကိုယ်မိမိ အထင်ကြီးလေးစားစိတ်တို့ ဖျက်ဆီးခံကြရပါသည်။

သို့ရာတွင် ကျွန်မတို့၏ သားသမီးများကို နေအိမ်တွင် ပညာသင်ကြားပေးရန် ရွေးချယ်ရခြင်း၏ အရေးကြီးဆုံးအကြောင်းရင်းမှာ မိဘများဖြစ်ကြသော ကျွန်မတို့အနေဖြင့် သားသမီးများကို ၆နှစ်သားအရွယ်လေးတွင် လက်လွှတ်မခံနိုင်ကြ၍ ဖြစ်ပါသည်။ သူတို့သည်အများ၏ လှောင်ပြောင်စရာ ပျော်တော်ဆက်များ ဖြစ်လာကြလိမ့်မည်။ သူတို့အား ကျွန်မ၏ သားသမီးများပင်ဖြစ်လင့်ကစား အံ့ဩဖွယ်ကောင်းသော အထူးဖြစ်သောသူများဟုခေါ်ရန် ကျွန်မတွေဝေနေဆဲ ဖြစ်ပါသည်။ အခြားကလေးများအား ကျွန်မတို့ကလေးများကဲ့သို့ ပျော်ရွှင်မှုမရရှာကြသူများ၊ တစ်ဦးချင်းစီအလေးပေး မခံရသူများအဖြစ် ပြောဆိုရန် တရားမျှတမည်မဟုတ်ပါ။

ကျွန်မတို့ ကြိုးပမ်းအားထုတ်မှု၏ ရလဒ်များကား အလွန်အမင်း သိသာထင်ရှားလာခဲ့ပါသည်။ ကျွန်မတို့၏ ဆုတောင်းဝတ်ပြုမှုများက အကျိုးပေးလာခြင်း ဖြစ်ပါသည်။ ဤအောင်မြင်မှုကို ကျွန်မတို့ချည်း ဆောင်ရွက်၍ရခြင်း မဟုတ်သလို ဤအလုပ်ကိုလည်း ကျွန်မတို့ချည်း ဆောင်ရွက်၍ ပြီးစီးခြင်းမဟုတ်ပါ။ ကျွန်မတို့ ကလေးများ၏ ကျောင်းပညာအောင်မြင်မှုထက်ပို၍ နှိုင်းမရအောင် ကျေနပ်ဖွယ်ကောင်းသော အောင်မြင်မှုကား သူတို့၏ လွတ်လပ်စွာ တွေးခေါ်ဆင်ခြင်တတ်မှုနှင့် တီထွင်ဖန်တီးတတ်မှုတို့ပင် ဖြစ်ပါသည်။ ယင်းတို့သည် ဘဝ၏အရေးကြီးသော လက်နက်အသုံးအဆောင်များ ဖြစ်ကြပါသည်။ သူတို့သည် အမှီအခိုကင်းစွာ တွေးခေါ်နိုင်ပြီး သူတို့၏ စိတ်ကူးများကို ကျွန်မတို့အား စိုးရိမ်ထိတ်လန့်မှုမရှိဘဲ ဖွင့်ဟပြောရဲကြသည်။ ၎င်းတို့ရွယ်တူများ၏ ဖိစီးမှုမှ ကင်းလွတ်ပြီး လိုလားအပ်သော လွတ်လပ်မှုကား ကျွန်မတို့မျှော်လင့်သော အမှီအခိုကင်းမှုပင် ဖြစ်ပါသည်။ အခြားသူများ တွေးခေါ်ယူဆသည်ကို သုံးသပ်သော အတွေး သို့မဟုတ် အပြုအမူမရှိဘဲ နားလည်သဘောပေါက်ခြင်းသည် ကောင်းမွန်သော မှတ်ကျောက်မဟုတ်ပါချေ။

မကြာသေးမီကပင် ကော်ရင်နီးက ကျွန်မတို့အား ၃မိနစ်စာ မိန့်ခွန်းတစ်ခု ပြောခဲ့ပါသည်။ ထိုသို့ ၃မိနစ်စာ ပြောဆိုသည့် မိန့်ခွန်းတွင် ခေါင်းစဉ်တစ်ခုကို ရွေးချယ်ပြီး စိတ်ပိုင်းဆိုင်ရာ ပေါင်းစပ်ပါဝင်မှုရှိရမည်ဟူသော ကန့်သတ်ချက်ပါဝင်သည်။ သူမက ကျွန်မတို့ စာသင်ခန်းရှေ့တွင် မဝံ့မရဲရပ်၍ ကိုယ်ကိုတွန့်လိမ်ပြီးစ၍ ပြောပါသည်။ "ကျွန်မ မေမေက ကျွန်မကို ဘာဖြစ်လို့ အိမ်မှာပဲစာသင်ပေးတာလဲဆိုတဲ့ အကြောင်းကို ပြောပြမှာဖြစ်ပါတယ်"

သူမပြောသည်ကို နားထောင်ရင်း သူမအား အဘယ်ကြောင့် အိမ်တွင်ပင် စာသင်ပေးရခြင်း၏ အကြောင်းရင်းများကို သူမ ချက်ကျလက်ကျ သဘောပေါက်နေခြင်းကို ကျွန်မအံ့အားသင့်နေခဲ့မိပါသည်။ သူမက ခရစ်ယာန်ဘာသာဝင်တို့၏ စံတန်ဖိုးများနှင့် မိသားစု နှင့်အတူတကွ နေရခြင်း၏ အရေးကြီးပုံတို့ကို ပြောပြသွားပါသည်။ မီလစ်ဆာကလည်း နားထောင်နေပါသည်။ ဘရက်ဒ်လေ (Bradley) သည်ပင်လျှင် တစ်ခုခုအရေးတကြီး ပြောသံကိုကြားမိသဖြင့် ကစားခြင်းကိုရပ်ပြီး နားထောင်နေခဲ့သည်။ ကျွန်မ၏မျက်လုံးအိမ်များတွင် မျက်ရည်ဝဲ့နေပါသည်။ သူမက "ကျွန်မမေမေက ကျွန်မကို သိပ်သိပ်ပြီး ချစ်တယ်ဆိုတာ ကျွန်မသိလိုက်ရပါတယ်" ဟု နိဂုံးချုပ်သောအခါတွင်မူ ကျွန်မမျက်ရည်မဆည်နိုင်တော့ပါ။

နေအိမ်တွင် စာသင်ကြားခြင်းသည် ကျောင်းတွင် သင်ကြားခြင်းထက် အကျိုးများစွာ ရရှိသည်။ ယင်းအကျိုးကျေးဇူးများက သူတို့အချုပ်အလုပ်တတ်ချင်လျှင် ကျွန်မသည် သူတို့အတွက် ဖြည့်ဆည်းပေးရန် အသင့်ဖြစ်ကြောင်းကို သမီးအား သဘောပေါက်စေခြင်းဖြစ်ပါသည်။ ကျွန်မသူတို့နှင့် အတူလုပ်ပါသည်။ သူတို့သည် ခါးစည်း သို့မဟုတ် ရိုးရိုးစကတ် တစ်ထည်လောက်ကစ၍ အချုပ်

အလုပ်သင်သင့်သည်ဟု စဉ်းစားမိသည်။

ညီအစ်မအချင်းချင်း စကားပြောပြီးနောက် သူတို့ရွေးချယ်ထားသော ချုပ်မည့်ပုံစံများနှင့်အတူ ကျွန်မထံသို့ ရောက်ရှိလာကြသည်။ သူတို့က ဟဲလိုးဝင်း (Halloween) ဝတ်စုံများချုပ်ချင်ကြသည် မီလစ်ဆာက နတ်သမီးခါဝန်ကို ချုပ်သည်။ အထပ်အထပ်များစွာပါပြီး ခါးစည်းလည်းပါဝင်သည်။ ကော်ရီနီးကမူ ရှေးဟောင်းအမျိုးသမီးဝတ်စုံကို ချုပ်ချင်သည်။ ရှေးဟောင်းအမျိုးသမီး ဝတ်စုံကားမည်သို့နည်း။ သို့သော် ဖာနားထပ်ပြီး ပွရောင်းရှည်လျားသော ဂါဝန်တော့ဖြစ်မည်ထင်သည်။

ချုပ်သည့် ကိစ္စအားလုံးကို သူတို့ကိုယ်တိုင် တာဝန်ယူချုပ်ကြသည်။ ကော်ရီနီးလေးခမျာ ရှေးဟောင်းအမျိုးသမီးဝတ် ဂါဝန်ပွပွကြီးကို မည်သို့ချုပ်ပါမည်နည်း။ သူမက ကြိုးစားချုပ်သည်။ ကျွန်မတို့ကလည်း အားပေးသည်။ သူမ၏ ဝတ်စုံကို ဟဲလိုဝင်းနေ့မတိုင်မီ အချိန်မီပြီးစီးအောင် ချုပ်နိုင်ခဲ့ပါသည်။ လေ့လာသင်ယူခြင်း၊ ချုပ်လုပ်ခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပညာရေး စသည်တို့ကား ဒွန်တွဲပေါင်းစပ်နေပါတော့သည်။

ကျွန်မတို့ မိသားစုဘဝသည် နေအိမ်ပညာရေးနှင့် စိတ်ချမ်းမြေ့နေကြပါသည်။ မိသားစုတစ်ခုလုံး၊ ဖေဖေကြီးရော ကျွန်မပါ လေ့လာသင်ယူမှု အတွေ့အကြုံတွင် ပါဝင်နေကြပါသည်။ ပြဿနာများကို အတူတကွဖြေရှင်းကြသည်။ တာဝန်များကို ဝေမျှထမ်းကြသည်။ ကလေးများအားလုံး အိမ်တွင်ပင် ရှိနေသည့်တိုင် ကျွန်မတို့၏ နေအိမ်ကလေးသည် တည်ငြိမ်အေးချမ်းနေပါသည်။ ပတ်ဝန်းကျင်ရှိ အိမ်နီးချင်းကလေးများသည်လည်း ကျွန်မသားသမီးများ၏ နှစ်သိမ့်ရောင့်ရဲမှုကို သိရှိခံစားလာကြသည်။ အိမ်သို့လည်း မကြာခဏ ဝင်လာလေ့ရှိကြသည်။ ကျွန်မ၏ သားသမီးများသည် ပင်ပန်းကြီးစွာမဖြစ်ဘဲ ခေတ်သစ်ကျောင်းများကဲ့သို့ စိတ်ဖိစီးမှု လွန်ကဲစွာမခံစားရဘဲ သက်တောင့်သက်သာရှိနေကြပါသည်။

နေအိမ်တွင်ပညာသင်ကြားခြင်းသည် ကျွန်မတို့၏ သားသမီးများ ပြုစုပျိုးထောင်ရေးဘဝအတွက် ပြီးပြည့်စုံသော အဖြေမဟုတ်ပါ။ သို့သော် သူတို့အား အောင်မြင်အောင် လုံ့ဆော်မှုမပေးနိုင်သော ကျွန်မတို့ မိဘများကဲ့သို့ သူတို့အား အချိန်ပြည့်အလေးမပေးနိုင်သူများလက်သို့ ဝကွဲ့အပ်လိုက်ခြင်းထက် သာလွန်ကောင်းမွန်သော ရလဒ်များကို ခံစားကြရသည်မှာ သေချာပါတော့သည်။

## ဆောက်လုပ်ရေးအလုပ်သမားနှင့်အိမ်ရှင်မ (ပက်တ် ဂရေးဘီလ် Pat - Grabill)

မူကြိုကလေးများ၏ များစွာသော မိဘတို့ကဲ့သို့ပင် ကျွန်ုပ်တို့ဥည်လည်း သားသမီးများ ၅/၆နှစ်အရွယ်တွင် ကျောင်းထားရန် မျှော်လင့်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ ကလေးများသည် အလယ်အလတ်ထက်ပို၍ ထူးချွန်ကြပြီး စောစီးစွာကျောင်းထားခြင်းဖြင့် အကျိုးကျေးဇူးရရှိမည်ဟုလည်း အခြားမိဘများကဲ့သို့ပင် ယူဆခဲ့ကြပါသည်။

ကျွန်ုပ်တို့၏ သားဦးကလေးသည် ၅နှစ် ၆နှစ်အရွယ်သို့ အမှန်တကယ် ရောက်ရှိလာသောအခါ ကျွန်ုပ်တို့ ကလေးများအတွက် ထားရှိသော စိတ်ကူးသည်လည်း ပြောင်းလဲသွားခဲ့ရသည်။ ကလေးများ ၈နှစ်မှ ၁၀နှစ် မရောက်မီအထိ ကလေးများအတွက် မိဘများက ဆရာအဖြစ် သင်ကြားပေးရန် မည်မျှအရေးကြီးကြောင်း ပြင်ပလေကိုရှူပြီး ပြင်ပနေကို လှုံရမည့်ကလေးများအတွက် ထိုကာလသည် အလွန်အရေးကြီးကြောင်း အီး ဂျီ ဝိုက် (E. G. White) ရေးသားသော "ကလေးလမ်းညွှန်" (Child Guidance) စာအုပ်ကို ဖတ်မှတ်လေ့လာခဲ့သည်။

ကလေးများအား လမ်းညွှန်သည့်ကိစ္စကို မည်သူဆောင်ရွက်မှန်း ကျွန်ုပ်တို့ မသိကြသဖြင့် အပြန်အလှန် စဉ်းစားကြရသည်။ ထိုအကြောင်းကို လူများအား ပြောပြသောအခါ သူတို့က ကျွန်ုပ်တို့အား စိတ်ပျက်အားလျော့အောင် ပြောကြသည်။ ဘတ်ကီ (Bucky) သည် ကျောင်းထားရမည့် အရွယ်ဖြစ်ကြောင်းကိုလည်း သူတို့စိတ်ကူးဖြင့် အကြံပေးကြသည်။ ကျွန်ုပ်တို့အား ကောင်းစွာသဘောပေါက်သောသူငယ်ချင်းများနှင့် အိမ်နီးချင်းများကပင် ကျွန်ုပ်တို့ကို ရူးသွားပြီဟု ထင်ကြသဖြင့် ကျွန်ုပ်တို့ကိုယ်တိုင်ပင်လျှင် ဝေခွဲမရဖြစ်ခဲ့ကြရသည်။

ကျွန်ုပ်တို့သည် တေးသွားအလိုက်နှင့် မတူညီသော မကိုက်ညီသော အကကိုကနေသည်ဟု သတိပြုခဲ့မိသည်။ ထိုအချိန်ကမူ အများနှင့် လမ်းခွဲထွက်ရေးကို ကျွန်ုပ်တို့ စိတ်တွင်မရေရာ မသေချာသေးပေ။ နောက်ဆုံးတွင် နှစ်ယောက်စီးလှေငယ်ကလေးဖြင့် လှိုင်းလေထန်သော သမုဒ္ဒရာကြီးကို ဖြတ်ကျော်ရန် မဖြစ်နိုင်သကဲ့သို့ ကျွန်ုပ်တို့အဖြစ်သည်လည်း ထိုသို့ပင် သဘောသက်ရောက်နေသည်ကို သိရှိလာခဲ့သည်။ ကျွန်ုပ်တို့ အမြင်သည်သာ မှန်ကန်ပြီး တစ်လောကလုံးက မှားနေသည်ဟု ယူဆရန်မသင့်ပေ။ ထိုကာလများက ကျွန်ုပ်တို့အတွက် ခက်ခဲသော နေ့ရက်များပင်တည်း။ ကျွန်ုပ်တို့ မိသားစုနှင့် သားသမီးများသည် ယုံကြည်မှုကို အထွတ်အမြတ်ထားသဖြင့် ဤသို့ အရေးကြီးသော ဆုံးဖြတ်ချက်ချမှတ်ရေးတွင် ဘုရားသခင်ကယ်တင်မပေးပါရန် ဆုတောင်းကြပါသည်။

ကျွန်ုပ်တို့ အလိုအပ်ဆုံးအချိန်တွင် အကူအညီရောက်ရှိလာခဲပါသည်။ ၁၉၇၃ခုနှစ် ဩဂုတ်လထုတ် 'These Times' မဂ္ဂဇင်းတွင် ဒေါက်တာ ရေမွန်အက်စ်မိုးရေးနှင့် ဒင်းနစ္စအာရ်မိုရေး (Dr. Raymond Moore & Dennis R. Moore) တို့ရေးသားသော "စောစီးစွာကျောင်းထားခြင်း၏ အန္တရာယ်များ" (The Dangers of Early Schooling) ဟူသော ဆောင်းပါးပါရှိလာခဲ့သည်။ ထိုဆောင်းပါးက ကျွန်ုပ်တို့အား တည်ငြိမ်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်ရေးအတွက် ခွန်အားသတ္တိကို ဖြည့်ဆည်းပေးခဲ့သည်။

သို့ဖြင့် ကျွန်ုပ်တို့၏ နေအိမ်ပညာရေး လှေကလေးကို ပထမနှစ်အတွက် ရွက်လွှင့်ခဲ့သည်။ ပြဿနာတစ်စုံတရာမရှိခဲ့ပေ။ အသက် ၈နှစ်မပြည့်သေးသော ဘက်ကီအတွက် ယင်းသို့သင်ကြားခြင်းသည် ထုံးစံမဟုတ်သလို ဖြစ်နေသည်။ ကျွန်ုပ်၏ သားကလေး

များနှင့်အတူနေကာ ပုံပြင်ဖတ်သည်။ သင်္ချာကျမ်းစာ သင်ခန်းစာများကို ဖတ်ပြသည်။ မီးဖိုချောင်ကိစ္စများကို သင်ပေးသည်။ အိမ်ဝင်း အတွင်းကိစ္စများကို ကူညီတတ်ရန် ပြသပေးသည်။ အပြင်သို့အတူတကွထွက်၍ သဘာဝကိုလေ့လာသည်။ ခင်ပွန်းသည်က အကြီးဆုံး သားဘတ်ကီကို သူ၏လုပ်ငန်းခွင်သို့ ခေါ်သွားလေ့ရှိပြီ အဆောက်အသီးလုပ်ငန်း၏ သဘောတရားများကို သင်ပေးသည်။ ပြောပြသည်။ ထိုသို့လုပ်ငန်းခွင်တွင် လက်တွေ့ပြသခြင်းသည် ဘတ်ကီအနေဖြင့် ကျောင်းတွင် သင်ယူရခြင်းထက် အဆများစွာတန်ဖိုးရှိသည်။

ကျွန်ုပ်တို့၏ နေအိမ်ပညာရေး ဒုတိယနှစ်တွင်မူ အရေးကြီးသော အဖြစ်အပျက်များစွာ ဖြစ်ပျက်ခဲ့သည်။ ထိုအချိန်တွင် ကျွန်ုပ်တို့၏သားကလေးများမှာ ၃နှစ်ခွဲနှင့် ၇နှစ်ခွဲအသီးသီး ရှိကြပြီဖြစ်သည်။ ကျွန်ုပ်တို့၏ ၇နှစ်သားကလေးကို အိမ်တွင်ပင်ထားခြင်းသည် ကော်လိုရာဒိုပြည်နယ်၏ မပျက်မကွက် ကျောင်းတက်ရေး ဥပဒေကို ချိုးဖေါက်ထားသည်။ ကော်လိုရာဒိုပြည်နယ်၏ မပျက်မကွက် ကျောင်းတက်ရေးဥပဒေကို ချိုးဖေါက်နေခြင်းဖြစ်သည်။ ထိုကိစ္စကို မည်သို့ဆောင်ရွက်ရမည်မှန်း ကျွန်ုပ်တို့ တိကျစွာမသိသောကြောင့် အသာလေးနေလိုက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထိုပညာသင်နှစ်စတင်၍မှ မကြာမီတွင်ပင် ကျွန်ုပ်တို့၏ နေအိမ်ပညာရေး လှေကလေး ထဲသို့ ပြဿနာရေးများ လှိမ့်ဝင်လာခဲ့တော့သည်။

ဒုတိယကျောင်းကြီးကြပ်ရေးမှူးက ကျွန်ုပ်တို့တွင် ကျောင်းမထားသော ကျောင်းနေအရွယ် ကလေးတစ်ဦးရှိသည်ကို သူသတိပြု မိကြောင်း ပြောလာခဲ့သည်။ ကျွန်ုပ်သည် အတတ်နိုင်ဆုံး တည်ငြိမ်အောင်ကြိုးစား၍ သူသည် ကျောင်းမနေခြင်းမဟုတ် အလွတ်ပညာ သင်ကျောင်းတွင်နေကြောင်း ရှင်းပြခဲ့သည်။

တစ်ပတ်ခန့်ကြာသောအခါ ကျောင်းစည်းကမ်းထိန်းသိမ်းရေး အရာရှိတစ်ဦးက ကျွန်ုပ်တို့ အိမ်သို့ရင်းနှီးစွာ လာရောက်လည် ပတ်ပြီး ကျွန်ုပ်တို့၏ အခွင့်အရေးများကို အကြံပြုရှင်းပြပါသည်။ သူက “မိဘတွေရဲ့ အခွင့်အရေးတွေထဲမှာ ၇နှစ်ကလေးတစ်ဦးကို အိမ်မှာစာသင်ပေးတဲ့ အခွင့်အရေးမပါဘူး။ ရှေ့ ဒီစာရွက်တွေမှာ တရားရုံးကိုလာရမယ့် ရက်စွဲပါတယ်။ တရားရုံးကိုသွားပြီး ဖြေရှင်းရ မယ်” ဟုပြောပါသည်။

ကျွန်ုပ်တို့ စိတ်ရှုတ်သွားခဲ့သည်။ ထိုကိစ္စအတွက်လည်း ဘာမှကြိုတင်ပြင်ဆင်မှု မပြုလုပ်ရသေးပါ။ သို့သော် ထိုကိစ္စကို ဘုရား သခင်အလိုအတိုင်းသာ ထားလိုက်ပါသည်။ ဘုရားသခင်က အတိတ်တွင် ကျွန်ုပ်တို့အား မည်သို့လမ်းညွှန်ခဲ့သည်။ ကျွန်ုပ်တို့လှေထဲမှ ရေများကိုထုတ်၍ အခြားတစ်ဘက်ကမ်းသို့ရောက်အောင် ပို့ဆောင်ပေးလိမ့်မည်ဟူ၍သာ အာရုံပြုထားလိုက်ပါသည်။ ကျွန်ုပ်တို့သည် ကျောင်းကြီးကြပ်ရေးမှူးထံ ဆင့်ခေါ်၍ဆွေးနွေးခြင်းခံရသည်။

“ကျွန်တော်စိတ်မကောင်းပါဘူး။ ဒါပေမဲ့ ဥပဒေကို ထိန်းသိမ်းဖို့က ကျွန်တော့အလုပ်ပဲ။ ဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန် တော်ဘာမှ မတတ်နိုင်ပါဘူး” ဟုသူက ပြောပါသည်။

“ပြည်နယ်အဆင့်မှာ ကျွန်မတို့ ဆွေးနွေးခွင့်ရှိတဲ့သူ တစ်ဦးတလေများ ရှိပါသလား” ဟုကျွန်ုပ်တို့က မေးသောအခါ “ဟာ ရှိ တာပေါ့” သူက စဉ်းစားပြီးပြောပါသည်။ “ပြည်နယ်အကြံပေးအရာရှိ ရောဘတ်အမ်ဟောလ် (Robert M. Hall) နဲ့ဆက်သွယ်ပေး ပါ့မယ်” ဟုပြောခဲ့သည်။

ထို့ကြောင့် ကျွန်ုပ်တို့ ဒင်ဗာ (Denver) သို့သွား၍ ရောဘတ် ဟော်လ်နှင့်အတူ ပြည်နယ်အကြံပေးပုဂ္ဂိုလ် ဂျိန်းကာဒိုကကတ်စ် (Jan Kardlkus) ကိုပါ တွေ့ခွင့်ရခဲ့ပါသည်။ သူတို့နှစ်ဦးစလုံးပင် ကျွန်ုပ်တို့၏ နေအိမ်ပညာရေးနှင့် ကျွန်ုပ်တို့ ရည်ညွှန်းသော စာအုပ်များကို အလွန်ပင် စိတ်ဝင်စားနေကြပါသည်။ သူတို့သည် ဥပဒေပြဋ္ဌာန်းချက် ၁၂၃ -၂၀ - ၅ ၏ ပုဒ်မ (J) ၏ကင်းလွတ်ခွင့်များကို ရှာဖွေကြပါသည်။ ထိုနောက် ကျွန်ုပ်တို့၏ နေအိမ်ပညာသင်ကြားရေး အသိအမှတ်ပြုလက်မှတ်ရ ဆရာတစ်ဦး၏ ကြီးကြပ်မှုဖြင့် သင် ကြားခွင့်ပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ ကျွန်ုပ်တို့ကလည်း ထိုဆရာနှင့် ပူးပေါင်းဆောင်ရွက်ရန် သဘောတူခဲ့သည်။ ကျွန်ုပ်ကိုယ်တိုင်က အမှန်ပင် သင်ကြားမည်ဖြစ်သော်လည်း ကြီးကြပ်သည့်ဆရာနှင့် တစ်နေ့လျှင် တစ်နာရီခွဲမှ ၂နာရီခန့်အထိ ပူးပေါင်းဆောင်ရွက်ရမည် ဖြစ်ပါသည်။

ကျန်သောလများတွင် ကျွန်ုပ်တို့၏ နေအိမ်ပညာသင်ကြားရေး အစီအစဉ်အလွန်ပင် အဆင်ပြေချောမွေ့ခဲ့ပါသည်။ ကျွန်ုပ်တို့ ၏သားကြီးသည် ၈နှစ်ထဲသို့ရောက်လာပြီဖြစ်သဖြင့် စာတွေ့လုပ်ငန်းကို အနည်းငယ်မျှသာ သင်ကြားသည်။ ထို့ပြင် ယောကျ်ားကလေး များသည် မိန်းကလေးများထက် အရွယ်ရောက်မှု နောက်ကျသည်ကို ကျွန်ုပ်တို့ သိရှိခဲ့သည်။

ပညာသင်နှစ်ကုန်၍ ဘတ်ကီ၏အသက် ၈နှစ်နှင့် ၃လရှိသောအခါ ဆရာမ မစ္စစ် ဗစ်ဇီ (Mrs. Vixie) က သူ့ကိုစစ်ဆေးပါ သည်။ ဘတ်ကီသည် ဘာသာရပ်အတော်များများတွင် ပျမ်းမျှအဆင့်အထက်တွင်ရှိနေခဲ့ပြီး ကျန်ဘာသာရပ်များတွင်လည်း ပျမ်းမျှအဆင့်အောက် မနိမ့်ကျခဲ့ပေ။

ကျွန်ုပ်တို့နေအိမ်ပညာရေး ဆောင်ရွက်သည့်နှစ်များတွင် ကျွန်ုပ်တို့သည် ဘုရားရှိခိုးကျောင်းပိုင် ပညာရေးနှင့်တစ်မိုင်ခွဲဝေးပြီး ပြည်သူပိုင်ကျောင်းနှင့် ၃မိုင်ခန့်ဝေးသော နေရာတွင် နေထိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့အား အမျိုးမျိုးဝေဖန်ကြပါသည်။ ဘုရားရှိခိုးကျောင်း ပညာရေးအစီအစဉ်ကို ကျွန်ုပ်တို့အနေဖြင့် များစွာပံ့ပိုးခြင်းမရှိဟု ယူဆကြသော်လည်း နှုတ်မှဖွင့်ဟ၍ မပြောကြပါ။ လူမှုရေးဖိအားကား အကြင်နာကင်းလှချေသည်။

တစ်နေ့တာအချိန်ဇယားအရ နံနက်ခင်းဝတ်ပြုချိန် ၈နာရီခန့်မှစတင်ပြီး ထိုအချိန်တွင် သီးချင်းဆိုခြင်း၊ သမ္မာကျမ်းစာပါ ပုံပြင် များသင်ကြားခြင်း စသည်တို့ ပါဝင်သည်။ ထိုနောက် ဖတ်ခြင်း၊ ရေးခြင်းနှင့် အသံထွက်ခြင်းတို့ကို သင်ကြားသည်။

နံနက်ခင်းတွင် လမ်းလျှောက်ထွက်ခြင်း၊ အိမ်ခြံဝင်းနှင့် ပန်းဥယျာဉ်လုပ်ငန်းများ ဆောင်ရွက်ခြင်း ကစားခြင်းတို့အတွက် အား

လပ်ချိန်ကြာမြင့်စွာ ယူလေ့ရှိသည်။ သင်္ချာကိုပါ သင်ကြားသည့်အပြင် တတိယတန်းတွင်မှ သိပ္ပံကိုပါသင်ကြားပေးသည်။ မွန်းလွဲပိုင်းတွင်သင်ကြားရေး ပြီးဆုံးပြီး ကလေးများက တစ်ပတ်လျှင် ၂ရက် ၃ရက်ခန့် ဖခင်၏ လုပ်ငန်းခွင်ထဲသို့ လိုက်ပါသွားလေ့ရှိသည်။ ထိုအချိန်ကား သူတို့အတွက် ကာယဆိုင်ရာနှင့် စက်မှုဆိုင်ရာ ပညာရေးကို ဖခင်နှင့်အတူ သင်ယူသောအချိန်ပင် ဖြစ်ပါသည်။

ကျွန်ုပ်တို့တွင်လည်း ကျွန်ုပ်တို့၏ အနိမ့်အမြင့် အတက်အဆင်းများ ရှိခဲ့ပါသည်။ ကလေးများအား ကျောင်းထားလျှင်လည်း အဆိုပါနေ့များကို ကျွန်ုပ်တို့ ကြုံတွေ့ရမည်ဖြစ်ပါသည်။ သို့ရာတွင် အချိန်ကုန်လွန်လာခဲ့သည်နှင့်အမျှ ကျွန်ုပ်နှင့် ခင်ပွန်းသည်တို့သည်လည်း ကလေးများသည်သာ လေ့လာသင်ယူရင်း ကြီးပြင်းလာကြသူများ မဟုတ်ကြဘဲ ကျွန်ုပ်တို့ လူကြီးများသည်လည်း ဘုရားသခင်၏ ကျောင်းသားများ ဖြစ်ကြသည်ကို သတိပြုမိလာခဲ့ကြပါသည်။

## ဟိုတယ်လုံခြုံရေးမှူး (ဒစ်ဇီရိုက်စ် Dixie Rice)

၁၉၇၆ခုနှစ် ဩဂုတ်လတွင် ကျွန်မတို့သည် နီဘရာစကာ (Nebraska) ရှိ ဝေါ့လေ့စ် (Wallace) မှ ရှယ်လ်တန် (Shelton) သို့ပြောင်းရွှေ့ခဲ့ကြပါသည်။ လက်စ်လီဆူး (Leslive Sue) ကိုလည်း ထိုဒေသ ပြည်သူပိုင်ကျောင်းသို့ ပြောင်းကာ ဆဋ္ဌမတန်း တက်ရောက်စေခဲ့ရပါသည်။ သူမ၏ ပညာရေးအဆင့်သည် စတုတ္ထတန်းမှစ၍ တဖြည်းဖြည်းကျဆင်းလာခဲ့သည်ကိုလည်း မသိတတ်ခဲ့ပါ။ ကျောင်းသားများ ပြည့်ကျပ်နေသော စာသင်ခန်းများနှင့် ကျောင်းသားတစ်ဦးချင်းကို ဂရုစိုက်သင်ကြားပေးခြင်း မပြုနိုင်သော ဆရာများနှင့် ပတ်သက်ပြီး ကျွန်မတို့ မတွေးတတ်အောင် ဖြစ်ရသော်လည်း အခြားရွေးချယ်ရန် နည်းလမ်းမရှိခဲ့ပါ။

ကျောင်းပြဋ္ဌာန်းစာအုပ်များကို သာမက ကျောင်းသာများ၏ စိတ်ထဲရှိ ပေါ်ပေါက်နေသော မေးခွန်းများအတွက်လည်း ကျွန်မတို့ ဘဝင်မကျခဲ့ကြပါ။ အထူးသဖြင့် လူသားများသည် ဖန်တီးဖြစ်ပေါ်လာခြင်း မဟုတ်ဘဲ ဆင့်ကဲဖြစ်စဉ်ကြောင့်ဖြစ်ပေါ်ခြင်းဟူသော သမ္မာကျမ်းစာအမြင်နှင့် မကိုက်ညီသော သင်ကြားမှုကိုလည်း ဒေါသဖြစ်မိသည်။ သမိုင်းတွင် ဘုရားသခင်လမ်းညွှန်သည့် အရိပ်အရောင်ကို မျှမတွေ့ခဲ့ရပါ။

ကျောင်းသားများအကြား မူးယစ်ဆေးဝါးသုံးစွဲခြင်းနှင့် ယောကျ်ားကလေးများနှင့် မိန်းကလေးများ၏ လွန်ကဲသောဆက်ဆံရေးတို့အတွက် စိတ်ဆင်းရဲကြရသည်။ ကျွန်မတို့၏ သမီးလေးအား မြင့်မားသောစံများနှင့် တန်ဖိုးများကို မည်သူသွတ်သွင်းပေးပါမည်နည်း။ သို့သော် ပြည်သူ့ကျောင်းများ၏ အခြေအနေမှာ ကျွန်မတို့၏ ယုံကြည်မှုအားလုံးကို ရိုက်ချိုးဖျက်ဆီးဖြစ်နေပုံရသည်။ သို့ဖြင့် ၁၉၇၇ခုနှစ် ဇူလိုင်လတိုင်အောင် ကျွန်မတို့၏ ၁၂နှစ်သမီးလေးကို ပြည်သူပိုင်ကျောင်းသို့ အပ်ရုံမှတစ်ပါး အခြားရွေးချယ်ရန်နည်းလမ်း မရှိသေးပါ။

ထိုနောက် ခရစ်ယာန်လွတ်လပ်ရေးကျောင်း၏ နေအိမ်ပညာရေး ကြော်ငြာတစ်ခုကို ကျွန်မဖတ်ခဲ့ရပါသည်။ သို့ဖြင့်သူတို့က ကျွန်မတို့အား အိုင်ယိုဝါအခြေခံ ကျွမ်းကျင်မှုများ စစ်ဆေးရေးသို့ ပို့လွှတ်စစ်ဆေးခိုင်းပြီး အဆိုပါကျွမ်းကျင်မှုများကို မည်သို့ဖြေဆိုရမည်ကိုပါ ညွှန်ကြားခဲ့ပါသည်။ အဆိုပါ စစ်ဆေးချက်များအရ သမီးသည် ဘာသာရပ်အများစုတွင် ပျမ်းမျှအဆင့်ရရှိသော်လည်း သင်္ချာတွင်မူ ပဥ္စမတန်းအဆင့်သာ ရရှိပါသည်။ သို့ဖြင့် သူမသည် သတ္တမတန်းကို သင်ယူရမည်ဖြစ်ပါသည်။

ထိုသို့ဖြင့် ထိုကျောင်း၏ ကျူရှင်းတစ်နှစ်စာအတွက် ၁၈၅ဒေါ်လာ ပေးသွင်းခဲ့ပါသည်။ သူတို့က သမီး၏ပညာရည်မှတ်တမ်းများကို ဝေါ့လေ့စ် ခရိုင်ပညာရေးမှူးရုံးမှ မေတ္တာရပ်ခံတောင်းယူကာ ထိန်းသိမ်းထားခဲ့ပါသည်။ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ရောက်ရှိလာခဲ့ပြီး လက်စ်လီဆူးသည်လည်း စာအုပ်များကိုဖွင့်ကာ လေ့လာပါတော့သည်။

ထိုနှစ်က ကျွန်မတို့သင်္ချာကို အလေးပေး အာရုံစိုက်ခဲ့ပြီး သူမအားနည်းသော သိပ္ပံနှင့် အင်္ဂလိပ်စာကိုလည်း တန်းတူညီဦးစား ပေးသင်ယူခဲ့သည်။ ပြဋ္ဌာန်းစာအုပ်များက ကျွန်မတို့အား စိတ်ကျေနပ်မှု ရရှိစေခဲ့ပါသည်။ အားလုံးသော ဘာသာရပ်များမှ ဘုရားသခင်အားကြည်ညိုမြတ်နိုးရေး စည်းကမ်းများနှင့် သမ္မာကျမ်းစာတွင် တွေ့ရသော လူ့အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများနှင့် ဆက်စပ်နေပါသည်။

ကျွန်မတို့တွင် ပြဿနာနှင့် မကြုံတွေ့ရခင်အထိ လက်စ်လီဆူးသည် လျင်မြန်စွာ တိုးတက်လာခဲ့သည်။ သူမ၏ ကြိုးစားအားထုတ်မှုသည်လည်း အားကောင်းလာသည်။ မြို့တစ်မြို့၏ အဓိကလမ်းမကြီးတွင် နေထိုင်ရခြင်းမှာ လူနေထူထပ်ပြီး သင်ပြသမျှကိစ္စ အသေးအဖွဲမကျန် ပတ်ဝန်းကျင်က အားလုံးမြင်တွေ့နေခြင်းပင်ဖြစ်သည်။

လက်စ်လီသည် ဘာသာရပ်တိုင်းတွင် ကြိတ်ကြိတ်ကလေးရှေ့မှ ပြေးနေသဖြင့် ကျွန်မတို့၏ နေအိမ်ပညာရေးကို ဒေသခံကျောင်းကြီးကျပ်ရေးမှူးက အမြင်ကြည်လင်ပုံမရချေ။ သူက “ခင်ဗျားတို့ဟာ ကျောင်းမတက်မနေရ ဥပဒေကို ချိုးဖေါက်နေတာပဲ” ဟု ပြောပါသည်။

ထိုနောက် ခရိုင်ကြီးကြပ်ရေးမှူးက ကျွန်မတို့ကိုခေါ်၍ မေးခွန်းများစွာ မေးသည့်ပြင် ရာဇသံလည်းပေးခဲ့ပါသည်။ နောက်ဆုံးတွင်မူ ကလေးငယ်အား ပညာရေးလစ်လျူရှုမှုဖြင့် ခရိုက်လက်ထောက်ရှေ့နေက ကျွန်ုပ်တို့အား တရားစွဲဆိုပါတော့သည်။ ယင်းကို “ကလေးသူငယ်အား လစ်လျူရှုမှု” ဟု အမည်တပ်ပါသည်။ ကျွန်မတို့ နယ်မြေရှိဥပဒေဝန်ထမ်းတစ်ဦးက ကျွန်မတို့ဟိုတယ်ထဲသို့ ဝင်လာကာ တရားရုံးသို့ ဆင့်ခေါ်စာကို ကျွန်မလက်ထဲသို့ ထည့်ပေးခဲ့ပါသည်။ ကျွန်မတို့အနေဖြင့် အောက်တိုဘာ ၂၅ရက်နေ့တွင် ကလေးငယ်တရားရုံးသို့ လာရောက်ရန်ဖြစ်သည်။ ကျွန်မတို့၏ နှလုံးသားထဲတွင် တစ်မျိုးကြီးခံစားနေကြရသည်။ ကျွန်မတို့အား ရာဇ

ဝတ်မှုကျူးလွန်သူများပမာ တရားစွဲခြင်းပေတည်း။ အားလုံးလွဲမှားနေပုံရပါသည်။

စင်စစ် ဤလိုဖြစ်ရပ်မျိုးကို ကျွန်မတို့ မတွေ့ကြုံခဲ့ရဖူးသဖြင့် ဘာဖြစ်လာမည်ဟု မှန်းဆ၍မရတော့ပါ။ သို့သော် ဘာဖြစ်လာမှန်းမသိသည့်ကိစ္စအတွက် ဘာမျှပြင်ဆင်၍ မရနိုင်ပေ။ အမှုစွဲဆိုတင်ပို့သည့်ကာလတွင် ကျွန်မတို့အား စစ်မေးခြင်းမရှိပါ။ သို့သော် အမျိုးသမီး တရားသူကြီးက ကျွန်မတို့အား တတ်နိုင်သမျှ ဆုံးရှုံးပျက်စီးစေရန် အရေးယူဖို့ကြိုးစားခဲ့သည်။

သူမက "ရှင်တို့ကလေးကို ရှင်တို့အိမ်ကခေါ်ထုတ်ဖို့ ကျွန်မတို့မှာ အခွင့်အာဏာရှိတယ်" တင်းမာခက်ထန်စွာ ပြောပါသည်။ ကျွန်မတို့အား လုံးဝရက်စက်ခြိမ်းခြောက်ခြင်းပင်တည်း။ "လက်စ်လီဆူး သမီးသိထားဖို့က သမီးမိဘရဲ့စကားကို နားထောင်ဖို့မလိုဘူး။ သမီးအတွက် ရှေ့နေတစ်ယောက်ငှားပေးမယ်" ဟုသမီးကိုလည်း ပြောပါသည်။

"သမီးမှာ ကျောင်းတက်ဖို့ အခွင့်အရေးရှိတယ် လက်စ်လီဆူး။ သမီးနဲ့ သက်တူရွယ်တူကလေးတွေနဲ့ အတူနေခွင့်ရှိတယ်။ ဒီအခွင့်အရေးကို သမီးမိဘတွေက ကန့်ကွက်ဖယ်ရှားလို့ မရဘူး" လက်စ်လီဆူးခမျာ သူမ၏နားကိုပင် သူမ မယုံနိုင်ရှာတော့ပါ။ ကျွန်မတို့ဘာမှ ပြန်၍မပြောကြပါ။ ပြန်ပြောဖို့လည်း မကြိုးစားတော့ပါ။ ထိုကိစ္စကို ကျွန်မတို့ ဘာပြောရမည်နည်း။ ကျွန်မတို့ တရားရုံးသို့ ပထမဆုံး သွားရောက်ရင်ဆိုင်ရသော အောက်တိုဘာ ၂၅ရက်နေ့သည် ကျွန်မတို့သမီးလေး၏ ၁၃နှစ်ပြည့်သော မွေးနေ့လည်းဖြစ်သည်။

ကျွန်မတို့အတွက် ရှေ့နေတစ်ဦးနှင့် သမီးအတွက် ရှေ့နေတစ်ဦးငှားရန် အကြံပေးကြသည်။ တရားသူကြီးက ကျွန်မတို့သမီးအတွက် ငှားပေးသော ရှေ့နေတစ်ဦးကို မသုံးရ။ အဘယ်ကြောင့်ဆိုသော် ထိုရှေ့နေအပေါ်တွင် ကျွန်မတို့၏ ဩဇာသက်ရောက်မည်စိုး၍ဟုပြောပြီး သမီးအတွက် ခုခံကာကွယ်ရန် ပြည်သူ့ဥပဒေအကျိုးဆောင်တစ်ဦးကို စီစဉ်ပေးပါသည်။

တရားရုံးတွင်ဖြစ်ပျက်ခဲ့သည့် မမှန်ကန်မှုကို ခံစားမှုမဲ့စွာဖြင့် ထွက်ခွာလာခဲ့ကြပါသည်။ ကျွန်ုပ်တို့၏ ပြည်သူ့တရားရုံး။ ကျွန်ုပ်တို့အား ကာကွယ်ရမည့်သူများ ဟုတ်မှဟုတ်ကြပါလေစ။ တရားသူကြီးသည် ကျွန်မတို့နှင့် သမီးကိုသွေးခွဲနေသည်ဟု ခံစားလာရသည်။ ကျွန်မတို့က ပြည်သူ့ကျောင်းတွင် ပညာသင်ကြားမည့်အစား အိမ်တွင်ပင် ပညာသင်ကြားပေးရန် ရွေးချယ်ခဲ့သောကြောင့် လက်စ်လီဆူးကို ကျွန်မတို့နေအိမ်မှ ခွဲထုတ်ရန် ကျွန်မတို့ကို ခြိမ်းခြောက်ခဲ့သည်မှ မယုံစရာပါတကား။

ထူးဆန်းသည်မှာကား တရားသူကြီး၏ ခြိမ်းခြောက်မှုကို ကျွန်မတို့ မကြောက်ပါ။ သူမ၏ ခြိမ်းခြောက်မှုများက ကျွန်မတို့ကို ပို၍ အားပေးသလို ဖြစ်နေသည်။ သူမက ကျွန်မတို့ မိသားစုပိုမိုစည်းလုံးမှုရှိစေရန် အပြန်အလှန်ပံ့ပိုးစေရန် ပြဿနာများကို အတူတကွ ဖြေရှင်းအောင်မြင်ရန် ပို၍တိုက်တွန်းအားပေးနေပါသည်။

ဘုရားသခင်သည် ကျွန်မတို့ဘက်တွင် ရှိနေသည်ဟု ယုံကြည်သဖြင့် အလွန်အမင်း ပူပန်မှုမဖြစ်ကြပါ။ ကျွန်မတို့သည် အိုမာဟား (Omaha) ရှိ တွမ်ရိုင်းလ်ဖွိုင်းလ် ကရစ်ဆိုဘိုဒါ (Graig Suroboda) အကျိုးဆောင်အဖွဲ့နှင့် ဆက်သွယ်ခဲ့ရာ သူကလည်း ကျွန်မတို့အမှုကို လက်ခံလိုက်ပါရန် လိုက်လှဲစွာတာဝန်ယူခဲ့ပါသည်။ ရှေ့နေကြီး ရိုင်းဖွိုင်းလ်က "ဒီမှာ မစ္စက် ရိုက်စ် ခင်ဗျားရဲ့ ယုံကြည်မှုတွေအတွက် ခင်ဗျားထောင်ကျခံရဲလား" ဟုကျွန်မကိုမေးပါသည်။ တစ်ခဏမျှကြောင်သွားပြီးနောက် "ဟုတ်ကဲ့ ကျွန်မထောင်ကျခံရဲပါတယ်" ဟုပြန်၍ ဖြေလိုက်ပါသည်။

လက်စ်လီဆူးအား အိမ်တွင်ပင် ဆက်လက်ပညာသင်ကြားပေးရန် ဆုံးဖြတ်သည့်ဖြစ်နိုင်ခြေရလဒ်များကို ကျွန်မတို့အိမ်တွင်ပင် ဆွေးနွေးကြသည်။ ကျွန်မတို့ လက်မြှောက်အရှုံးမပေးဘူးဟု နိဂုံးချုပ်လိုက်ကြပါသည်။ ကျွန်မတို့ကို ဘုရားသခင်စောင့်ရှောက်ပါလိမ့်မည်။ အဆိုပါ ဆွေးနွေးမှုက ကျွန်မတို့အား စွဲချက်တင်မည့်အမှုနှင့် ပတ်သက်သော သဘောထားကို တစ်ချိုးတစ်ကွေ့ ဖြစ်ခဲ့ရပါတော့သည်။ ထိုအချိန်မှစ၍ ကျွန်မတို့တွင် ကြောက်စိတ် သို့မဟုတ် သံသယစိတ်ဟူ၍ပင် မရှိတော့ပါ။ ပြည်သူ့ဥပဒေ အကျိုးတောင်က လက်စ်လီဆူးကို ပြောပြီးသောအခါ လက်စ်လီဆူး၏ ယုံကြည်ချက်အပေါ် ပြင်းထန်ခိုင်မာမှုနှင့် မိသားစုအပေါ် ခိုင်မာသောချစ်ခြင်းမေတ္တာတို့ကို သဘောပေါက်သွားခဲ့ပါသည်။

အမှုမှာ ၂ရက်ခန့်ကြာခဲ့ပါသည်။ ကျွန်ုပ်တို့၏ ရှေ့နေက ဥပဒေသည် မပြတ်သားမရေရာသည့်ပြင် အာဏာသက်ရောက်ရန် မဖြစ်နိုင်သောအချက်ကိုပင် ဆွဲကိုင်ရင်ဆိုင်သွားသည်။ သူက ကျွန်မတို့၏ ဘုရားသခင်အပေါ် ယုံကြည်မှုကို တရားရုံးတော်ရှေ့တွင် အုတ်မြစ်ချ၍ ရှင်းပြခဲ့ပြီး ကျွန်မတို့ သမီးအားခရစ်ယာန်စည်းမျဉ်းများကို သင်ကြားမပေးလျှင် ကျွန်မတို့သည် ဘုရားသခင် ဩဝါဒကို နာခံခြင်းမရောက်ကြောင်းကို လျှောက်လှဲသွားပါသည်။

ခရစ်ယာန်လွတ်လပ်ရေးကျောင်းမှ  ဘုန်းတော်ကြီး လင်းဒ်စထရောင်းမ် (Lindstrom) သည် ကျွန်မတို့၏ ယုံကြည်မှုအတွက် ကျွန်မတို့ကိုယ်စား သက်သေခံရန် အမှုတစ်လျှောက်လုံး လိုက်ပါဆောင်ရွက်ပေးခဲ့ပါသည်။ တရားသူကြီးကမူ နားထောင်နေပြီး သူမ၏ မျက်နှာမှာမူ မျက်နှာသေကြီးနှင့် ဖြစ်ပါသည်။

ကျွန်မသည် အသိအမှတ်ပြု လက်မှတ်ရဆရာမတစ်ဦး မဟုတ်သောကြောင့် တရားရုံးက အပြင်းအထန်ကန့်ကွက်ခဲ့သည်။ ကျွန်မတို့သည် လက်စ်လီဆူးကို သူမ၏ ရွယ်တူများနှင့် လူမှုရေးအဆက်အသွယ် ဖြတ်ထားသည်ဟူသော အချက်ကိုပင် ထပ်ကာထပ်ကာ ကျော့ပြီး ထောက်ပြခဲ့ပါသည်။ သူတို့က "ဒီလိုလူမှုဆက်ဆံရေး မရှိဘဲနဲ့ ဒီကလေးမလေးဟာ လူ့အသိုင်းအဝိုင်းထဲမှာ ဘယ်တော့မှ ဝင်ဆံ့မှမဟုတ်ဘူး။ ကလေးတိုင်း လူ့အဖွဲ့အစည်းထဲမှာ ဝင်ဆံ့ရေးဟာ နိုင်ငံတော်ရဲ့တာဝန်ဖြစ်တယ်" ဟုပြောပါသည်။ မူးယစ်ဆေးဝါးစွဲတဲ့ လူ့အသိုင်းအဝင်းထဲကိုလားဟု ကျွန်မတို့စိတ်ထဲက မေးမိကြပါသည်။ "ကံမကောင်းအကြောင်းမလှလို့ ကျောင်းထွက်ရတဲ့ကလေးတွေကော။ လက်မထပ်ရသေးတဲ့ မိခင် ဘခင်တွေက မွေးဖွားတဲ့ကလေးတွေအတွက်ကော အထက်တန်းကျောင်းထွက်ဖြစ်ပြီး စာမဖတ်တတ်တဲ့ သူတွေကော ဘယ်လိုလုပ်မလဲ။"

၂ရက်ခန့် အပြန်အလှန် စစ်ဆေးပြီးသောအခါ ရုံးတော်ကကျွန်မတို့အား အပြစ်ရှိကြောင်းဆုံးဖြတ်ပြီး ရုံးတော်စရိတ်ကို ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

ကျွန်မတို့သည် လက်စ်လီဆူးအား အိမ်မှထွက်ခွာ၍ ပြည်သူ့ကျောင်းတွင် တတ်စေရမည်ဟူသော ခြိမ်းခြောက်မှုဝန်ထုပ်ဝန်ပိုး ကြီးကိုသယ်ပိုးလျက် တရားရုံးမှ ထွက်ခွာခဲ့ရပါသည်။ ဤခရိုင် သို့မဟုတ် ဖြစ်နိုင်လျှင် ဤပြည်နယ်မှ ပြောင်းရွှေ့ထွက်ခွာရေးကိုပါ ကြိုတင်ပြင်ဆင်ထားခဲ့ရပါတော့သည်။ သို့သော် တရားသူကြီးက လတ်တလောကာလအတွင်း လက်စ်လီဆူးတွင် ထင်ရှားသည့် ဆိုး ကျိုးသက်ရောက်မှုမရှိလျှင် နေအိမ်တွင်ပင် အတန်ကြာဆက်လက်နေထိုင်ခွင့် ပြုခဲ့ပါသည်။

ကျွန်မတို့လည်း အဆိုပါ ဆုံးဖြတ်ချက်အတွက် ခရိုင်တရားရုံးတွင် အယူခံဝင်ရန် ချက်ချင်းဆောင်ရွက်ကြပါသည်။ တရားရုံးက ကျွန်မတို့အား ၁၉၇၈ခုနှစ် ဇူလိုင်လတွင် ရုံးတော်သို့ လာရောက်ရင်ဆိုင်ရန် ချိန်းဆိုခဲ့ပါသည်။ ထိုနောက် ကျွန်မတို့နယမြေရှိ သတင်း ထောက်များကို အမှုကိုခြေရာခံမိသွားကြသည်။ ကျွန်မတို့နှင့် လာရောက်ပြောဆိုမေးမြန်းကြပါသည်။ သူတို့က ကျွန်မတို့အား တရားမျှ တစွာပင်ပြောဆိုပါသည်။ ထို့ပြင် ရုပ်မြင်သံကြား သတင်းထောက်များနှင့် အခြားပုဂ္ဂိုလ်များကပါ လာရောက်မေးမြန်းဆွေးနွေးလာကြ ပါသည်။ သူတို့သည် စတူရီယိုသို့သွား၍ အဖြေများပေးထားခဲ့ပြီး ကျွန်မတို့ဆီပြန်လာလိုက် သင်ကြားသောပစ္စည်း အထောက်အထား များကို ယူသွားလိုက်နှင့် ခေါက်တုန့်ခေါက်ပြန် အလုပ်ရှုတ်နေကြပါသည်။ ထို့ပြင် ကျွန်မတို့၏ ပြည်သူ့ကျောင်းများနှင့် ပြဿနာတတ် ပုံကိုလည်း ထုတ်လွှင့်ကြပါသည်။

ထိုသို့ပသော လူအများသိရှိအောင် ထုတ်လွှင့်မှုများကြောင့် ကျွန်မတို့အမှုကို စိတ်ဝင်စားသူတစ်ဦးက ကျွန်မတို့ တစ်ခါမျှ မကြားဖူးသော ဒေါက်တာရေမွန်မိုရေးဆိုသူ ပုဂ္ဂိုလ်တစ်ဦး ရေးသားသည့် ဆောင်းပါးတစ်စောင်ကို ပေးပို့လာခဲ့ပါသည်။ ကျွန်မတို့က ဒေါက်တာမိုရေး၏ ဆောင်းပါးကို လက်စ်လီဆူး၏အမှုတွင် ရှေ့တန်းတင်၍ထုချေရန် လက်စ်လီ၏ရှေ့နေထံသို့ ပေးပို့ခဲ့ပါသည်။ ရှေ့ နေကလည်း နောက်ဆုံးတွင် ဒေါက်တာမိုရေးနှင့် ဆက်သွယ်ခဲ့သည်။ လက်စ်လီအား ဘက်မလိုက်သော ပုဂ္ဂိုလ်ဖြစ် စစ်ဆေးကြည့်ရန် ဒေါက်တာမိုရေးက အကြံပေးခဲ့သည်။ ထိုစစ်ဆေးချက်ကို တရားသူကြီးက အလေးထားမည်ဟူသော မျှော်လင့်ချက်ဖြင့် ပြည်နယ် တက္ကသိုလ်သို့ သွားရောက်ခဲ့ပါသည်။ နီဘရာဆကာ တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ကွတ် (Dr. Cook) ကလည်း ကျွန်မတို့ ဘက်မှ လိုက်ပါသက်သေခံရန် သဘောတူခဲ့ပြီးဒေါက်တာမိုရေးလည်း လာရောက်သက်သေခံခဲ့ပါသည်။

ဒေါက်တာ ကွတ်က လက်စ်လီဖြေဆိုထားသော အိုင်ယိုဝါအခြေခံ ကျွမ်းကျင်မှုစစ်ဆေးချက်ရမှတ်များနှင့် နှိုင်းယှဉ်ထားသော ဂရပ်တစ်ခုကို ယူဆောင်လာခဲ့ပါသည်။ သူမ၏ ရမှတ်မှာ သတ္တမတန်းတက်စဉ်နှစ် ရမှတ်များသည် နေအိမ်ပညာရေးသင်ကြားပြီး မကြာ မီရမှတ်များထက် နည်းနေပြီး နေအိမ်ပညာသင်ကြားမှုရလဒ်မှာ တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။ အထူးသဖြင့် သင်္ချာတွင်ပို၍ ရမှတ် ကောင်းလာသည်။ နေအိမ်ပညာသင်ကြားရေးကာလအတွင်း ဘာသာရပ်တိုင်းတွင် ရမှတ်အဆင့် ၂မှ ၃အထိ တိုးတက်လာကြောင်း တွေ့ရှိရသည်။

အစိုးရဘက်မှ ရှေ့နေ မာရီယာနီ ဗေနျူနာ့စ် (Marianne Vainiuas) က လိုက်ပါဆောင်ရွက်ခဲ့သည်။ သူမက ကျွန်မတို့ ၏အဓိကသက်သေ ဒေါက်တာမိုရေးအား ရှင်သန်ထမြောက်သော ခရစ်ယာန်လားဟူသော မေးခွန်းမျိုးဖြင့် ထိုးနှက်ခဲ့သည်။ အကယ်၍ သူက "ဟုတ်ပါတယ်" ဟုဖြေလျှင် ခရစ်ယာန်ဘာသာဝင်အများစု ယူဆသည့်အတိုင်း ဒေါက်တာမိုရေးကို ချောင်ပိတ်၍အလဲထိုးပေ တော့မည်။ သို့သော် ဒေါက်တာမိုရေးက သူမ၏ထောင်ချောက်ထဲသို့ အလွယ်တကူအမိမခံခဲ့ပေ။

သူက "ခင်ဗျားပြောတဲ့ ပြန်လည်ရှင်သန်ထမြောက်တဲ့ ခရစ်ယာန်ဆိုတဲ့ အဓိပ္ပါယ်က ဘာပါလဲ" ဟုပြန်၍မေးရာ ထိုမေးခွန်းမျိုး ကို သူမမျှော်လင့်မထားခဲ့ပေ။ သူမခများအဖြေကို ထစ်ငေါ့စွာပြောကြားခဲ့ရသည်။ ဒေါက်တာမိုရေးက "ခင်ဗျားဆိုလိုတဲ့ အဓိပ္ပါယ်က ဒီအတိုင်းမှန်ရင် ကျွန်တော်လည်း ဒီအတိုင်းပါပဲ" ဟုပြုံး၍တုန့်ပြန်ခဲ့သည်။

သူမသည် ထိုခေါင်းစဉ်အား မီးဖုတ်ထားသော အာလူးတစ်လုံးကို ဆုပ်ထားရာမှ ဝုန်းကနဲလွှတ်ချလိုက်သကဲ့သို့ လွှဲပြောင်း ကာရွယ်တူအုပ်စုများနှင့် ဆက်ဆံရေးကင်းပြတ်သဖြင့် လူမှုရေး အနှောင့်အယှက်ဖြစ်ရသည်ဟူသော အဆိုဘက်သို့ပင် ပြန်လည်လမ်း ကြောင်းပြောင်းရတော့သည်။

ဒေါက်တာမိုရေးက ထိုစွဲချက်ကို ဘုရားသခင် စေလွှတ်လိုက်သူကဲ့သို့ ကောင်းစွာပြန်လည်ခုခံချေပခဲ့ပါသည်။ နေအိမ်ဝန်းကျင် တွင် ကလေးများ၏ လူမှုဆက်ဆံရေး၊ စိတ်ခံစားမှု၊ ပညာရေး၊ ဆွေးထွေးကြင်နာမှုနှင့် ဖွံ့ဖြိုးမှုတို့ လျင်မြန်စွာတိုးတက်ပုံ၊ နေအိမ်ဝန်းကျင် သည်သာလျှင် ကလေးများ၏ မိမိကိုယ်မိမိ အထင်ကြီးလေးစားစိတ် အကောင်းဆုံးဖွံ့ဖြိုးပုံတို့ကို စိတ်ပညာရှင်တစ်ဦးနှင့် ပြည်သူ့ပညာ ပေးမှူးတစ်ဦးအဖြစ်ရရှိသော အတွေ့အကြုံများနှင့် သူ၏လူသိများလှသော သုတေသနလုပ်ငန်းရလဒ်များကို ခိုင်မာစွာကိုးကား ထွက်ဆို သွားခဲ့ပေသည်။

လက်စ်လီ၏ တိုးတက်မှုနှင့် ဒေါက်တာမိုရေးတို့၏ သက်သေခံချက်များအတွက် ကျွန်မတို့ ဘုရားသခင်ကို ကျေးဇူးတင်ကြရ ပြီး ကျွန်မတို့အမှုသေချာပေါက် နိုင်ရမည်ဟုလည်း ယုံကြည်မိပါသည်။ ကျွန်မတို့အမှုတွင် ပြည်သူပိုင်ကျောင်းများအပေါ် သစ္စာရှိလွန်း သည်ဟု လူသိများသော တရားသူကြီး ကိတ်သ်ဝင်းဒရမ် (Keith Windrum) ကပင် ကျွန်မတို့ကို အနိုင်ပေးဆုံးဖြတ်ခဲ့ပါသည်။ မျှတသော ဆုံးဖြတ်ချက်အတွက် ဘုရားသခင်ကို ကျေးဇူးတင်ကြရပါသည်။

ရှေ့နေဗေနျူနာ့စ်က ကိတ်သ်ဝင်းဒရမ်၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်သဖြင့် နီဘရာဆကာရှိလွှတ်တော် တရားရုံးသို့ အယူ ခံဝင်ခဲ့သည်။ ကျွန်မတို့မှာကား ဆုတောင်း၍သာ စောင့်ကြည့်နေကြရပါသည်။ တရားလွှတ်တော်ချုပ်ကလည်း ကျွန်မတို့ကိုပင် အနိုင်

ပေးခဲ့ပါသည်။ သို့ဖြင့် နီဘဂ္ဂါဆကာ ပညာရေးအရာရှိများ၏ ထောက်ခံမှုဖြင့် ကျွန်မတို့၏ နေအိမ်ပညာရေး အစီအစဉ်ကိုဆက်လက်ဆောင်ရွက်နိုင်ခဲ့ပါသည်။

လက်စ်လီဆူးသည် နံနက် ၈း၄၅နာရီမှ ၂း၃၀နာရီအထိ အချိန်ဇယားအတိုင်း တိကျစွာ သင်ယူခဲ့သည်။ ကျွန်မက သူမကို တစ်နေ့စတင်သည်နှင့် တစ်နာရီခွဲခန့် သင်ကြားပေးခဲ့သည်။ သူမသည် ယခုအခါ ၁၅နှစ်ရှိပြီဖြစ်ပြီး ကျွန်မတို့၏ အိမ်ကျောင်းတွင် အထက်တန်း အလတ်ဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါသည်။ ယခုအခါ သူမအား ကျွန်မတစ်ခါတစ်ရံမှသာ သင်ကြားပေးရပါတော့သည်။ သူမ၏ လွန်ခဲ့သော လေးနှစ်ခန့်က ပြည်သူပိုင်ကျောင်းတွင် ရရှိသောပညာရေးအဆင့်ကို သတိပြုပါ။ လူအများက သူမ၏ပညာရေး ထူးချွန်မှုကို အံ့သြချီးကျူးကြပါသည်။ သူမ၏ သူငယ်ချင်းအချို့ကပင် သူမအား အသိအမှတ်ပြုကြရပြီး သူမကဲ့သို့ နေအိမ်တွင်ပင် ပညာသင်ကြားလိုစိတ် ပေါက်လာကြပါသည်။ သို့သော် သူမသည် ကျွန်မ၏ ဟိုတယ်လုပ်ငန်းတွင် ပထမတန်း လက်ထောက်မန်နေဂျာ တစ်ဦးအဖြစ် နေ့စဉ်အိပ်ရာခင်းခြင်း၊ ချက်ပြုတ်ခြင်းနှင့် သန့်ရှင်းရေးလုပ်ငန်းများကိုပါ ကူညီဆောင်ရွက်ပေးပါသည်။ ထိုသို့ အလုပ်နှင့် လေ့လာသင်ကြားမှု ဟန်ချက်မျှခြင်းသည်ပင် သူမ၏ကြီးမားသော အကျိုးကျေးဇူးဖြစ်ကြောင်း ကျွန်မတို့ယူဆမိပါသည်။ ထိုအကျိုးကျေးဇူးကြောင့် သူမသည် လျင်မြန်စွာတုန့်ပြန်တတ်ခြင်း၊ တာဝန်သိခြင်း၊ ကျိုးစားခြင်း၊ အားကိုးအားထားပြုနိုင်ခြင်း၊ ယဉ်ကျေးဖော်ရွေခြင်းစသည့် အရည်အချင်းများ ပြည့်ဝလာရပါသည်။

အချို့လူများက ကျွန်မတို့ထံလာရောက်ပြီး တရားရုံးကုန်ကျစရိတ်များအတွက် စိုးရိမ်ပူပန်စွာ မေးမြန်းခဲ့ကြပါသည်။ သူတို့ကိုယ်တိုင်လည်း နေအိမ်ပညာရေး အစီအစဉ်ဆောင်ရွက်ရန် ကျွန်မတို့၏ အကြံဉာဏ်များကို တောင်းခံကြပါသည်။ ကျွန်မတို့သည် ငွေရေးကြေးရေးအတွက် ရင်ဆိုင်ခြင်းမဟုတ်ဘဲ ကျွန်မတို့ သားသမီးများ၏ အသက်ရှင်သန် ကျန်ရှိမှုအတွက် ခုခံခြင်းသာဖြစ်ကြောင်း သူတို့ကို ပြောပြခဲ့ရပါသည်။

## တပ်မတော်သား၏ဇနီးနှင့်ထောက်လှမ်းရေးသမားခင်ပွန်းသည် (ဘက်တီဂါဘိုဇီ Betty Gerbozy)

ဆက်သ် (Seth) တွင်ပြင်းထန်သော မျက်စေ့ဝေဒနာ စွဲကပ်နေကြောင်းကို သူ့အသက် ၄နှစ်အရွယ်တွင် ကျွန်မတို့ လေ့လာသိရှိခဲ့ရသည်။ သူ၏ မျက်စေ့ရောဂါမှာ ပြင်းထန်လွန်းသည့်တိုင် မျက်စေ့များစွေစောင်း၍ မသွားခြင်းအတွက် မျက်စေ့ပါရဂူများက အံ့သြနေကြရသည်။ မျက်စိမှုန်လွန်းသဖြင့် မျက်မှန်ပါဝါများသော မှန်အထူကြီးများကို တပ်ဆင်ထားရသည်။

သူ ၅နှစ်သား ရောက်လာသောအခါ သူ့အားကျောင်းထားရန် ရှာဖွေရတော့သည်။ သူ့အား ဘယ်ကျောင်းသို့ ပို့ရမည်ကို ကျွန်မတို့စဉ်းစား၍ မရပါ။ ကျွန်မ၏ ခင်ပွန်းတာဝန်ထမ်းဆောင်သောအဖွဲ့က ကျောင်းတစ်ကျောင်းဖွင့်လှစ်ထားသည်။ သို့သော် ကျွန်မသည်လည်း ယခင်က ကျောင်းဆရာမတစ်ဦး ဖြစ်ခဲ့သဖြင့် ကျွန်မကလေးများအတွက် ဆရာများ၏ အရည်အချင်းပြည့်စုံမှု ရှိမရှိမသေချာသဖြင့် ကျောင်းထားရန် စိုးရိမ်မိခဲ့သည်။ အချို့ဆရာများသည် ကျွမ်းကျင်ကြ၏။ သို့သော် များသောအားဖြင့် လေ့ကျင့်ပြီးသူနည်းပါးပြီး ကျောင်းသားများအား စာသင်ရခြင်းထက် ဥရောပတွင် နေထိုင်သည်ကိုသာ စိတ်ဝင်စားကြသည်။ ကျွန်တို့၏ ကလေးများကို နေအိမ်တွင်ပင် စာသင်ပေးရန် စဉ်းစားလာရတော့သည်။

ကျွန်မတို့သည် ခရစ်ယာန်များဖြစ်ကြသဖြင့် ခရစ်ယာန်ဘာသာရေးကို အခြေပြုသော သင်ရိုးညွှန်းတမ်းများကိုသာ သင်ကြားပေးလိုက်ကြပါသည်။ ဆက်သ်၏ မျက်စေ့ပြဿနာ၊ နေအိမ်တွင်ပင် ပညာသင်ပေးသော ကလေးများသည် စိတ်ပိုင်းရော ရုပ်ပိုင်းပါ ပို၍ရင့်ကျက်ကြသည်ဟူသော လေ့လာတွေ့ရှိချက်များကြောင့် ဆက်သ် ၈နှစ်ရောက်မှ စာသင်ပေးရန် စောင့်ဆိုင်းနေခဲ့သည်။

ဆက်သ် ၇နှစ်ထဲရောက်လာသောအခါ သူ့အားကျောင်းထားရန် ဖိအားပေးခံလာရသည်။ အိမ်နီးချင်းများ သို့မဟုတ် ကလေးများ၏ ဆက်သ်အပေါ်ထားရှိသော ဆန့်ကျင်ဘက် သဘောထားများကိုလည်းကောင်း ဖြစ်ပေါ်လာနိုင်သော ဥပဒေဆိုင်ရာ ပြဿနာများကိုလည်းကောင်း ဆက်သ်အပေါ်တွင် သက်ရောက်ခြင်းမရှိစေချင်ပါ။ ထို့ကြောင့် နေအိမ်ပညာရေး စာပေးစာယူကျောင်းတစ်ခုမှ သူငယ်တန်းသင်ခန်းစာများကို မှာယူခဲ့ပါသည်။ ထိုသင်ခန်းစာများသည် အသုံးမဝင် အချိန်ကုန်သည့်အပြင် ပို၍ပင် ဆိုးရွားလာပြီး လုံးဝအောင်မြင်မှုမရှိခဲ့ပေ။ သင်ကြားရသည့် အလုပ်သည် ရိုးရှင်းပြီး အခက်အခဲမရှိသည့်ပြင် ပို၍လည်း အလုပ်မရှုတ်ပါ။

ထိုအချိန်တွင်ပင် ဆက်သ်၏ အကြားအာရုံပြဿနာ တက်လာပါသည်။ နားမကြားသောပြဿနာကို ပြန်လည်ထူထောင်ရေးဆေးရုံတစ်ခုတွင် စစ်ဆေးကြည့်ခဲ့သည်။ သူ၏ မျက်လုံးကိုလည်း စစ်ဆေးကြည့်ခဲ့သည်။

စစ်ဆေးပြီးသောနေ့တွင် ဆက်သ်တွင် သင်ကြားရန် အလွန်ခက်ခဲသော ပြဿနာရှိသည်ဟု သိခဲ့ရသည်။ သူ၏ နားမဟုတ် သူ၏ မျက်စိက အဓိကဖြစ်သည်။ စစ်ဆေးချက်အရ ပြင်းထန်သော အမြင်အာရုံချို့တဲ့မှုရှိသည်။ အာရုံသိဖွံ့ဖြိုးမှုနည်းသည်။ မျက်စိနှစ်ဘက်လုံးက တစ်လုံးအပေါ်တစ်လုံး အမှီပြုနေရသည်ဟု ဆိုပါသည်။ ထို့ပြင် အရာဝတ္ထုတိုင်းကို ပုံရိပ် ၂ထပ်မြင်နေရပြီး စာမျက်နှာတစ်ခုပေါ်ရှိ စာလုံးများကို အာရုံစူးစိုက်ကြည့်သော်လည်း စာလုံးများက ငြိမ်သက်မနေဘဲ ရွေ့လျားနေသည်ဟု ထင်ရသည်။ သူ့အား ရှုဒေါင့်အသီးသီးမှ ရင့်ကျက်မှုစွမ်းရည်ကို စစ်ဆေးစမ်းသပ်ကြည့်ရာ လာမည့်လအနည်းငယ်အတွင် ရှစ်နှစ်ပြည့်တော့မည်ဖြစ်သော်လည်း သူ၏ရင့်ကျက်မှုမှာ ၆နှစ်သားအသိလောက်ပင်ရှိကြောင်း တွေ့ရှိရသည်။

ထိုနောက် ကျွန်မတို့ သူ့အားစိတ်ပညာရှင်တစ်ဦးနှင့် ပြကြည့်ခဲ့သည်။ ဆက်သ်အတွက် မျက်စိလေ့ကျင့်ခန်းများ ပြုလုပ်ပေးရန် ညွှန်ကြားပြီး သူငယ်တန်းဖတ်စာအုပ် အချို့ကိုပေးလိုက်ပါသည်။ ဆက်သ်အား အက္ခရာစာလုံးများကို စတင်သင်ကြားပေးသည်။ စာ

မျက်နှာတစ်မျက်နှာချင်းစီကိုဖွင့်ပြီး စာလုံးများ၏ အက္ခရာများကို သူ့အားပြောပြခိုင်းရန် စိတ်ပညာရှင်က မှာကြားလိုက်ပါသည်။ ဆက်သ်က စာလုံးများကို ပြောပြရမည်ဖြစ်ပြီး ဆက်သ်က ၅ကြိမ်ခန့် ကြိုးစားပြီး အမှားမှား အယွင်းယွင်းပြောပြီးမှ ကျွန်မက အမှန်ကို ပြောပြရပါသည်။

ကျွန်မတို့အား ပြောပြလိုက်သော သင်ကြားနည်းတွင် ရည်ရွယ်ချက် ၂ခုရှိသည်။ ပထမအချက်မှာ သူ့အားစာဖတ်တတ်စေရန် ဖြစ်ပြီး ဒုတိယအချက်မှာ သူ၏မိုခိုစိတ်ကို ပပျောက်စေရန်ဖြစ်သည်။

ဆက်သ်၏ နားလေးသောပြဿနာမှာ အာရုံစူးစိုက်မှု မရှိခြင်းနှင့် ဆန့်ကျင်လိုသော စိတ်ကြောင့်ဖြစ်ကြောင်း စိတ်ပညာရှင်က ပြောပြသည်။ ဆက်သ်က ငိုယိအော်ဟစ်လိမ့်မည်။ ထိုအခါ ကျွန်မက သူငိုသည်ကို လစ်လျူရှုပြီး ဆက်လက်သင်ကြားရမည်ဟုလည်း ဆိုပါသည်။

ဆက်သ်၏ လက်ကိုဆွဲပြီး ပြန်လည်ထူထောင်ရေးဆေးရုံမှ ထွက်ခဲ့ပါသည်။ စိတ်ထဲတွင်မူ မေးခွန်းများတစ်လှေကြီး ပြည့်နေပါသည်။ သူပေးသော အကြံဉာဏ်သည် သင့်တော်ကောင်းမွန်ပါသလား။ အက္ခရာစာလုံးများ သင်ကြားရန် ဘယ်နေရာကစ၍ လှုံ့ဆော်တိုက်တွန်းရမည်နည်း။ သူသည် လေ့လာသင်ယူခြင်းကို ဘယ်နေရာမှစပြီး ဘယ်လိုစိတ်ဝင်စားလာမည်နည်း။ ကလေးကို သင်ကြားပေးရန် အခြားနည်းလမ်းရှိပါသေးသလား။

ထင်ထားသည့်အတိုင်းပင် ဆက်သ်က ထုံပေပေလုပ်နေပါသည်။ အာရုံစူးစိုက်မှုလည်း မရှိပါ။ သူ့အတွက် အဓိပ္ပါယ်မရှိသော စာလုံးများကို ဖိအားပေးမှန်းဆ ပြောကြားခိုင်းခြင်းကြောင့် သူ့အတွက် အိမ်မက်ဆိုးတစ်ခုကို ခံစားနေရပြီး တစ်ကြိမ်နှစ်ကြိမ် သင်ပြီးသောအခါ ကျွန်မစိတ်ပျက်လာခဲ့ပါသည်။

ထို့ပြင် သူ့ဆန္ဒကိုလည်း ကျွန်မ မဖျက်ဆီးချင်တော့ပါ။ ဘုရားသခင်က သူ့အား ထူးခြားသောလူပုဂ္ဂိုလ်တစ်ဦးအဖြစ် ပေးထားသောဘဝကိုလည်း မနှောင့်ယှက်ချင်တော့ပါ။ ဆက်သ်ကို ကျွန်မရှေ့ဆောင်လမ်းပြ ပြုချင်ပါသည်။ စာဖတ်တတ်ခြင်း၊ သူ့ဘဝအား ပျော်ရွှင်မှုတစ်ခု ရရှိစေပြီး သူ၏ ကိုယ်ရည်ကိုယ်သွေး တိုးတက်လာစေချင်ပါသည်။ သူ့ကို တွန်းအားပေးခြင်းဖြင့် သူနှင့်ပဋိပက္ခမဖြစ်ချင်တော့ပါ။ သူကား ပုံမှန်အားဖြင့် နာခံတတ်သူတစ်ဦး ဖြစ်ပါသည်။ ၂ခန်း ၃ခန်း သင်ပြီး၍ သူမျက်ရည်ပေါက်ကြီးငယ် ကျပြီးသောအခါတွင်မူ ထိုသင်ကြားနည်းကို ကျွန်မလက်လျှော့လိုက်ပါသည်။

ထိုနောက် ကျွန်မသည် ထမင်းစားခန်းကို စာသင်ခန်းတစ်ခုအဖြစ် ဖန်တီးလိုက်ပါသည်။ စပေခန့်ရှိသော ကျောက်သင်ပုန်းတစ်ခုကို နံရံတွင်ကပ်ကာ ကျောက်သင်ပုန်းပေါ်ရှိ အက္ခရာစာလုံးများကို မြင်သာအောင်ခပ်ကြီးကြီးရေးကာ တိပ်ဖြင့်ကပ်ထားပါသည်။ ဂဏန်းများကိုလည်း ၁ မှ ၁၀အထိရေးပြီး ကပ်ထားပါသည်။ အခန်းကန့်ထားသော ကတ်ပြားကြီးပေါ်တွင်လည်း အသံထွက်ပါသော စာလုံးများကို ကပ်ထားပါသည်။

ပထမပိုင်းတွင်မူ ဆက်သ်သည် ရှေ့သို့တစ်လှမ်းတက်ပြီး နောက်သို့ ၅လှမ်းပြန်ဆုတ်သကဲ့သို့ ဖြစ်နေပါသည်။ တစ်နေ့တွင်မူ သူအမှားမှား အယွင်းယွင်းဖြစ်နေသည်။ သူစိတ်ဝင်စားအောင် အာရုံစူးစိုက်မှုရှိအောင် ကျွန်မ မတတ်နိုင်ခဲ့ပါ။ သူသည် တစ်ချိန်လုံးလှုပ်ရှနေပြီး စိတ်ဝင်စားမှုလည်း မရှိပါ။ နောက်တစ်နေ့တွင် သူသည်ကောင်းစွာ အာရုံစူးစိုက်လာနိုင်ပါသည်။

သူ့အား ကျွန်မဆက်၍ သင်ကြားမပေးလျှင် သူ့အသက် ၉နှစ်၊ ၁၀နှစ်ပြည့်သည်အထိ ကျွန်မစောင့်နေရပါလိမ့်မည်။ သူ၏ ဉာဏ်ရည်နှင့် ရင့်ကျက်မင်မှာ ၆နှစ်သား ကလေးမျှပင် ရှိသေးသည်ဟု စစ်ဆေးထားသည် မဟုတ်ပါလား။ သို့ရာတွင် ကျွန်မအနေနှင့်မူ အပြေးပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်နေသကဲ့သို့ ခံစားခဲ့ရပါသည်။ ဆက်သ်သည် မျက်စိပင် ကွယ်သွားနိုင်သည်ဟု ဆရာဝန်များက ပြောထားခဲ့သည်။ စိတ်ပညာရှင်ကလည်း ဆက်သ်ကို ဘယ်တော့မှ စာသင်ကြား၍ ရမည်မဟုတ်ဟု ဆိုထားသည်။ ဆက်သ်ကို အရေးပေါ်လမ်းညွှန်ရန်၊ သူ၏ စိတ်ဝင်စားမှုကို ရမည်မဟုတ်ဟု ဆိုထားသည်။ ဆက်သ်ကို အရေးပေါ်လမ်းညွှန်ရန် သူ၏စိတ်ဝင်စားမှုကိုရမည် မဟုတ်ဟု ဆိုထားသည်။ ဆက်သ်ကို အရေးပေါ်လမ်းညွှန်ရန် သူ၏စိတ်ဝင်စားမှုကို မြှင့်တင်ပေးရန် သူ့အားစာဖတ်တတ်အောင် သင်ကြားပေးရန် လိုအပ်နေပြီဟု ကျွန်မသိရှိခဲ့ပါသည်။

ကျွန်မတို့ အခြေအနေက တစ်မျိုးတစ်ဘာသာ ဖြစ်နေသည်။ နိုင်ငံခြားတိုင်းပြည်တွင် နေရသည်။ ဆက်သ်ကို စာသင်ပေးမည့် သူလည်းမရှိခဲ့။ ကျွန်မတို့သည် အမေရိကန်နိုင်ငံအတွက် တာဝန်ထမ်းဆောင်နေကြရသည်။ ထို့ကြောင့် ဆက်သ်အား ကျောင်းမထားခြင်းအတွက် မည်သူကမျှ တရားရုံးသို့သွားပြီး အကြောင်းကြားတိုင်တန်းခွင့် ရှိမည်မဟုတ်ပါ။ ထိုအချက်ကိုပင် ကျေးဇူးတင်နေရပါသေးသည်။

တစ်ဦးချင်း ဆက်ဆံရေးကြောင့် သင်၏ သားသမီးတွင် မည်သည့်အခါ အချိန်ပေး၍ ရနိုင်သည်ကို သိရှိနိုင်သည်။ အချိန်မီ သင်ကြားပေးနိုင်သည်။ ချက်ချင်းပြုပြင်ပေးနိုင်သည်။

ထိုနောက် ဆက်သ်သည် ပထမတွင် သင်ယူမှုအလွန် နှေးကွေးခဲ့သော်လည်း နောက်ပိုင်းတွင် တဖြည်းဖြည်း မြန်လာပါသည်။ စာဖတ်ရန် သင်ယူနိုင်လာခဲ့သည်။ အသံထွက်ကို ဆက်လက်သင်ကြားပေးသည်။ ကျွန်မ၏ သုံးသပ်လေ့လာမှုကပို၍ ရှုတ်ထွေးလာပြီး သူစိတ်ဝင်စားမည့် နည်းလမ်းများ၊ ပစ္စည်းများကို ပို၍ပို၍ ရှာကြံတီထွင်ရပါသည်။ သူသည် အသက် ၁၀နှစ် ၁၁နှစ်ရောက်လာသောအခါ ကျွန်မ၏ သင်ကြားပေးသည့် ကာလသည်လည်း ၂နှစ်ခန့် ရှိလာခဲ့ပြီး ဆက်သက်သည် စာဖတ်ကျွမ်းကျင်လာခဲ့ပါတော့သည်။ အစိုးရက ပေးပို့သော သတင်းစာများနှင့် ရီးဒါးစ်ဒိုင်ဂျက်စ် (Reader's Digest) မဂ္ဂဇင်းကိုပင် ဆက်သ်က ဖတ်မှတ်လာနိုင်ခဲ့သည်။ သူဖတ်သမျှကို နားလည်သဘောပေါက်သည့်ပြင် အသံထွက်မှာလည်း အချို့သော ကလေးများထက်ပင် ပီပြင်ပြတ်သားလာပါ

သည်။

ကျွန်မတို့လည်း ဒက်ဘရာ (Deborah) ကိုလည်း ရှစ်နှစ်သမီး အရွယ်ရောက်သည်အထိ ကျောင်းမထားခဲ့ပါ။ သူမအား သူငယ်တန်းသို့ အပ်နှံသောအခါတွင်မှ သူမကပို၍ ကျွမ်းကျင်စွာ သင်ယူနိုင်ခဲ့သည်။ သာမန်အားဖြင့် ဖြနှစ်သမီးကလေးတစ်ဦးအတွက် သဘောပေါက်ရန် ခက်ခဲသော သင်ခန်းစာများကို သူမကလျင်မြန် လွယ်ကူစွာသဘောပေါက်သဖြင့် ဒုတိယတန်းမှ စတုတ္ထတန်းသို့ အတန်းကျော်ပြီး တင်ပေးခဲ့သည်။

ကျွန်မတို့၏ ကျောင်းပညာရေးကို ကျွန်မလုံးဝသဘောမကျပါ။ ကျွန်မတို့အတွက် စီစဉ်ပေးသော နိုင်ငံရပ်ခြားကျောင်းဆရာများသည် တကယ်တော့ ပျင်းလွန်းသည်ဟု ကျွန်မထင်သည်။ ဆရာကိုယ်ပင် လမ်းညွှန်စာအုပ်ပါ သင်ကြားနည်းများအတိုင်း လိုက်နာကြပါသလား။ လေ့ကျင့်ခန်းများ တောင်ပုံရာပုံပေးခြင်းကို သင်ကြားသည်ဟု ခေါ်ဆိုပါသလား။ သင်ကြားနည်းတွင် ကလေးများ လက်လှမ်းမမီသည်ကို နားလည်သဘောပေါက်အောင် လှုံ့ဆော်ပေးသော စိတ်လှုပ်ရှားဖွယ်ကောင်းသည့် နည်းလမ်းများမပါဝင်သင့် ပါသလော။ ကလေးတိုင်းသည် လေ့ကျင့်ခန်းပါ စာမျက်နှာများဖြင့် နှောင်ဖွဲ့ခံထားရပါသလော။

ကလေးတစ်ဦး၏ ရုပ်ပိုင်းနှင့် ခံစားမှုပိုင်းကို စိတ်ပိုင်းကဲ့သို့ပင် ထည့်သွင်းစဉ်းစားခြင်း မပြုသင့်ပါသလော။ သင်ယူခြင်းဟူသည် ဦးနှောက်အကန့်လေးတစ်ခုထဲတွင် သတင်းအချက်အလက်များ စုဆောင်းထည့်ပေးထားခြင်းထက် သာလွန်ပါသည်။

## ကျောင်းဆရာနှင့်လက်သမား ( ရှသ်နိုဘယ်လ် Ruth Nobel)

ကျွန်မတို့ သားသမီးများသည် ကျောင်းတွင်မပျော်ကြ၍လည်း မဟုတ်ပါ။ ပြဿနာကြီးငယ်လည်း မရှိပါ။ သို့သော် ကျွန်မနှင့် ခင်ပွန်းသည်တို့ကသာ သူတို့၏ ပညာရေးကို အားမလိုအားမရ ဖြစ်နေကြခြင်းသာ ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ ယုံကြည်မှုနှင့် အတွေးအခေါ်များသည် ပြည်သူပိုင်ကျောင်းများတွင် သင်ကြားနေသော ယုံကြည်မှုနှင့် အတွေးအခေါ်များနှင့် ကွာခြားလွန်းနေသောကြောင့် ကျွန်မတို့အနေဖြင့် ခရစ်ယာန် ကျောင်းတစ်ကျောင်းကို ရွေးချယ်ခဲ့ပါသည်။

ကျွန်မ၏ ခဲအိုက သမ္မာကျမ်းကို အခြေခံသော ကျောင်းသုံးစာအုပ်များကို အသုံးပြုသည့် နေအိမ်ပညာရေး အစီအစဉ်ကို ပြောပြ ဆက်သွယ်ပေးခဲ့သည်။ ကျွန်မတို့က ယင်းအစီအစဉ်ကို လေ့လာပြီးနောက် စမ်းသပ်ကြည့်ချင်လာခဲ့သည်။

နေအိမ်နှင့် ဥယျာဉ်ကလေးတစ်ခုသာ ရှိသည့်နေရာတွင် ကလေး ၅ဦးကို စာသင်ကြားရေးမှာ မလွယ်ကူလှသော်လည်း ဘုရားသခင်၏ ကလေးများအား အိမ်တွင်ပင် ပညာသင်ကြားပေးစေချင်သော အလိုတော်အတိုင်း ကျွန်ုပ်တို့စွန့်စားခဲ့ကြပါသည်။

ကလေးတစ်ဦးချင်းစီအတွက် သင်ကြားပေးရမည့် ဘာသာရပ်ကို ကျွန်ုပ်တို့ ကြိုတင်စီစဉ်ကြပါသည်။ ကလေးငယ်နှစ်ဦးကို ကျွန်မအနေဖြင့် အမြဲတစေ ကြီးကြပ်သင်ကြားခြင်း မပြုနိုင်သဖြင့် အချိန်ခွဲခြား၍ သင်ကြားရန်စီစဉ်ခြင်းဖြင့် စောင့်ဆိုင်း၍ အချိန်ဖြုန်းခြင်းကိုသက်သာစေပါသည်။ ထို့ပြင် သင်မည်သည့် အခန်းကိုဖတ်နေသည်။ သင်ကြားရန် အချိန်မည်မျှလိုမည်ကို သိရှိရေးအတွက် ကလေးတစ်ဦးချင်းစီ၏ ဖတ်စာအုပ်များနှင့် ရင်းနှီးကျွမ်းဝင်ရပါမည်။

ကျွန်မတို့သည် စာသင်ရက်ကို ရက်ပေါင်း ၁၈၀ သတ်မှတ်ပြီး ထိုသတ်မှတ်ရက်များအတိုင်း တိကျစွာလိုက်နာသင်ကြား သည်။ စာသင်ကြားရေးအပြင် လွတ်လပ်စွာ အနားပေးရမည့်နေ့များနှင့် ခရီးထွက်ခြင်းကဲ့သို့သော အခြားအရေးကြီးသည့် လေ့လာရေးလုပ်ငန်းများအတွက်ပါ ထည့်သွင်းစဉ်းစားကြပါသည်။

ကလေးများအား အိမ်တွင်ပင် စာသင်မည်ဆိုသော်အခါ သမီးများက ကန့်ကွက်ကြသည်။ ကျွန်မတို့၏ လမ်းညွှန်မှုကို အလေးထားအောင် ပိုမိုအားထုတ်ကြရသည်။ သူတို့စိတ်ဝင်စားမှု ရလာရန်အတွက် အချိန်ယူရပါသည်။ အိမ်တွင်သင်ကြားမည်ဆိုပါက သင်၏ ကလေး သာမန်ကျောင်းတွင် သင်ကြားစဉ်က သင်ရသောဘာသာများအနက် ကျန်ရှိနေမည့်ဘာသာများကိုပါ စီစဉ်ရမည်ဟု တစ်ဦးက အကြံပေးသဖြင့် ကျွန်မတို့နေအိမ်ပညာရေးတွင် မပါသေးသော အနုပညာဘာသာရပ်ကို သောကြာနေ့သင်ခန်းစာတွင် ထည့်သွင်းစီစဉ်ပေးခဲ့ပါသည်။

သူတို့တွင် သူငယ်ချင်း အပေါင်းအသင်းလိုအပ်မှုကို သတိပြုမိသောကြောင့် လည်ပတ်ရေးအစီအစဉ်ကိုပါ ထည့်သွင်းစီစဉ်ရပါသည်။ သူတို့အတွက် ကလေးထိန်းငှားမည့်အစား သူငယ်ချင်းများ လာရောက်လည်ပတ်စေခြင်းက ပို၍အဆင်ပြေသဖြင့် သောကြာနေ့ ည ၈နာရီမှ ၁၂နာရီအထိ လည်ပတ်ရေးအစီအစဉ်ကို ပြုလုပ်ထားပါသည်။ ထို့ကြောင့် သောကြာနေ့ညစာ စားချိန်တွင် ညနေ ၆နာရီမှ ၁၀နာရီအကြား သတ်မှတ်ထားပါသည်။ ကလေးများသည် ကျွန်မတို့စကားပြောနေချိန်တွင် အိမ်နီးချင်းကလေးများနှင့် ကစားကြပါသည်။ အိမ်နီးချင်းများထံ သွားရောက်လည်ပတ်ကြပါသည်။

အပန်းဖြေခြင်းသည် ကာယပညာရေးတွင် အကြီးဆုံးဖြစ်သဖြင့် ဘောလီဘော၊ ဘတ်စကတ်ဘောနှင့် စားပွဲတင်တင်းနစ် ကစားနည်းတို့ကို ပြုလုပ်ပေးရပါသည်။ မွေးနေ့များတွင် လက်ဆောင်ပစ္စည်းအဖြစ် ပင်ပေါင်ကစားနည်း ပစ္စည်းများနှင့် လျှောစီးပစ္စည်းများကိုဖြည့်ဆည်းပေးပါသည်။

ကျွန်မတို့က လေးပတ်စာဆောင်ရွက်ပြီးစီးသော သင်ကြားပြီးသော အခြေအနေများကို စာပေးစာယူဌာနသို့ အစီရင်ခံပြီး စာပေးစာယူဌာနက ပညာရည်တိုးတက်မှု မှတ်တမ်းများကို တစ်နှစ်လျှင် ၄ကြိမ်ပြန်လည်ပေးပို့ခဲ့ပါသည်။ ကျွန်မတို့အား ဖုန်းဆက်ပြီး အားပေးသည့် အခက်အခဲများ၊ မေးမြန်းစရာများရှိပါက စာရေးဆက်သွယ်ရန်လည်း တိုက်တွန်းခဲ့ပါသည်။

အိုင်ယိုဝါအခြေခံစစ်ဆေးလွှာနှင့် စတင်းပို့စစ်ဆေးလွှာများကို ကျွန်မတို့ထံသို့ ဆောင်းဦးရာသီတွင် ပို့ပေးပါသည်။ စစ်ဆေးလွှာများကို ကလေးများအား ဖြေဆိုခိုင်းပြီး စစ်ဆေးရန်ပြန်လည်ပေးပို့ ရပါသည်။ ကျွန်မတို့ကလေးများကို ပညာသင်ကြားပေးရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရသည်မှာ ပျော်စရာကောင်းလှပါသည်။ သင်ကြားမှု အထောက်အကူပစ္စည်းများမှာ သူငယ်တန်းနှင့် ပထမတန်း ကလေးများအတွက်မှလွဲ၍ ကျန်ပစ္စည်းများကို ကျွန်မတို့ကသာ တီထွင်ဖန်တီးကြပါသည်။

စာပေးစာယူဌာနက ကျွန်မတို့အား ဥပဒေဆိုင်ရာ အကြံဉာဏ်ပေးသော်လည်း ရှေ့နေတစ်ဦးစီစဉ်မပေးပါ။ ထို့ကြောင့် အောက်ပါဖြစ်ရပ်ပေါ်ပေါက်ခဲ့ရသည်။

၂လခန့် ကြာသောအခါ ပညာရေးအရာရှိ တစ်ဦးရောက်ရှိလာပြီး ကလေးများအား ပြည်သူပိုင်ကျောင်းတွင် ကျောင်းမထားမှုဖြင့် ကျွန်မတို့ကို တရားစွဲခံရပါသည်။ ခရိုင်တရားရုံးက ကျွန်မတို့အမှုကို ကြားနာပါသည်။ ရက်ပေါင်း ၃၀ခန့် အပြန်အလှန်လျှောက်လဲကြပါသည်။ ပထမတွင် ကျွန်မတို့ ကိုယ်တိုင်လျှောက်လဲသော်လည်း နောင်တွင် ဝါရှင်တန်ဒီစီမှ ဂျွန်ဒဗျူ ဝိုက်ဟက်တ် (John W. Whitehead) က ကျွန်မတို့၏ ရှေ့နေအဖြစ်လိုက်ပါ ဆောင်ရွက်ခဲ့ပြီး ကျွန်မတို့အမှုကို စိတ်ဝင်စားသော နယ်မြေအကြံပေးပုဂ္ဂိုလ် ထရာဗာ့စ်မြို့ (Traverse) မှ စတူးဝပ် ဒီဟတ်ဘဲလ် (Stuart D. Hubble) ကပါ လိုက်ပါဆောင်ရွက်ခဲ့သည်။ သူတို့က ကျွန်မတို့အမှုကို အခမဲ့မေတ္တာဖြင့် ကူညီဆောင်ရွက်ပေးပါသည်။

ကျောင်းနေအရွယ် ကလေးများ သို့မဟုတ် ကျောင်းတက်သော ကလေးများသည် ဆရာဖြစ်သင်လက်မှတ်ရ ဆရာတစ်ဦးက သင်ကြားရမည်။ သို့မဟုတ် ကြိုးကြပ်ရမည်ဟူသောအချက်ကို အစိုးရက အခိုင်အမာပြုထားသည်။ ကျွန်မသည်ပင် ကယ်ဗင်ကောလိပ် (Calvin College) မှ အခြေခံပညာရေး ဘာသာဖြင့် ဘွဲ့ရသူဖြစ်ပြီး ဆရာအဖြစ်ဆောင်ရွက်နိုင်သော်လည်း ဆရာဖြစ်သင်လက်မှတ်မရှိပါ။

ချီကာဂိုတက္ကသိုလ်မှ ပါမောက္ခဟောင်းလည်းဖြစ်ပြီး လက်ရှိအားဖြင့် ဆန်ဖရန်ဆစ္စကို တက္ကသိုလ်မှ ပါမောက္ခဖြစ်သူ ဒေါ်နယ် အဲရစ်ဆင် (Donald Erickson) က ဆရာဖြစ်သင် လက်မှတ်တစ်စောင်က ဆရာတစ်ဦး၏ ကျွမ်းကျင်မှုကို သက်သေမပြနိုင်ကြောင်းထွက်ဆိုခဲ့သည်။ ထို့ပြင် အလွတ်ပညာသင်ကျောင်းများတွင် ဆရာဖြစ်သင်လက်မှတ်ရ ဆရာများမရှိသော်လည်း အလွတ်သင်ကျောင်းမှ ကျောင်းသားများသည် ပြည်သူပိုင်ကျောင်းများမှ ကျောင်းသားများထက် စံပြုထားသော စစ်ဆေးမှုများကို ပိုမိုသာလွန်ထူးခြားအောင်ဖြေဆိုနိုင်ကြကြောင်း သူကပင် ဆက်လက်ထွက်ဆိုခဲ့ပါသည်။

အမှုစစ်ဆေးစဉ်ကာလအတွင်း ကလေးများအား ဉာဏ်ရည်နှင့် စိတ်ပညာစစ်ဆေးမှုများကို စိတ်ပညာရှင်တစ်ဦးက စစ်ဆေးခဲ့သည်။ စစ်ဆေးချက်တွင် ကျွန်မတို့၏ ကျောင်းနေအရွယ်ကလေး ၅ဦးစလုံးပင် ဉာဏ်ရည်အဆင့်မှာ ပျမ်းမျှအဆင့်ထက် ကျော်လွန်ကြပြီး ပညာရေးအဆင့်တွင် ၎င်းတို့နှင့် ရွယ်တူကလေးများထက် သာလွန်ကြောင်း ဖော်ပြထားသည်။

၁၉၇၉ခုနှစ် ဒီဇင်ဘာ (၁၄) ရက်နေ့တွင် မစ်ချီဂန်ရှိ ဘင်တန်ဟာဗာ၌ ကျွန်မတို့၏အမှုကို ကြားနာခဲ့သည်။ တရားသူကြီးက "ကလေးများအား နေအိမ်တွင် ဘာသာရေးသင်ခန်းစာ သင်ကြားပေးခွင့်ရှိကြောင်း၊ မီချီဂန်တရားဥပဒေ၏ ရည်ရွယ်ချက်တွင် ဆရာဖြစ်သင်လက်မှတ်ရ ဆရာများလိုအပ်သည်ဟု ပြဋ္ဌါန်းမထားသော်လည်း ကလေးများအား ပညာသင်ကြားပေးရန် ဖြစ်သည်။ လက်မှတ်ဆိုသည်မှာ ကလေးများ၏ ပညာရေးအတွက် အဆင့်အတန်းသတ်မှတ်ချက် တစ်ရပ်သာဖြစ်ကြောင်း လက်မှတ်ရခြင်းသည် ဘာသာရေးယုံကြည်မှုနှင့် ရောထွေးမှုရှိနေပါက ယင်းကို အစိုးရကသာ နည်းလမ်းရှာကြံ ဖြေရှင်းရမည်ဖြစ်ကြောင်း" ပြောကြားပြီး ကျွန်မတို့အမှုကို အနိုင်ပေးလိုက်ပါသည်။ သို့ဖြင့် နေအိမ်ပညာရေးစနစ်ကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

မည်သည့်မိခင်မဆို သားသမီးများကို နေအိမ်တွင်ပင် ပညာသင်ကြားပေးရာ၌ ပထမဦးစွာ သဘောပေါက်ရမည့်အချက်မှာ အရာအားလုံးကို သင်တစ်ဦးတည်း မစွမ်းဆောင်နိုင်ခြင်းပင်ဖြစ်သည်။ ကျွန်မသည် အတော်ဆုံးအမျိုးသမီး မဟုတ်သကဲ့သို့ သင်သည်လည်း အတော်ဆုံး အိမ်ထောင်ရှင်မ မဟုတ်ပါ။ ကလေးများအား နေ့ဝက်ခန့်မျှ စာသင်လျှင်လုံလောက်သည်ဟု ဒေါက်တာရေမွန်မိုရေးက ကျွန်မအားပြောပြခဲ့ပါသည်။ ထို့ကြောင့် ယခုအခါ ကျွန်မတို့သည် ဖျော်ရည်လုပ်ရန် သကြားသီးခူးခြင်း ကဲ့သို့သော လက်တွေ့လုပ်ငန်းများကို ပိုမိုစီစဉ်ထားပါသည်။

နေအိမ်ပညာသင်ကြားရေးကို ၂နှစ်ခန့်သင်ကြားပြီးသောအခါ ပုံမှန်ကျောင်းများမှဖြစ်စေ၊ အခြားမည်သည့် အာဏာပိုင်ထံမှဖြစ်စေ မည်သည့်သတင်းစကားမျှ မကြားရတော့ပါ။

ကျွန်မသည် များသောအားဖြင့် စိတ်ပင်ပန်း ကိုယ်ပင်ပန်းဖြစ်လေ့ ရှိပါသည်။ စက်တင်ဘာလသည် အလွန်အလုပ်ရှုပ်သောလဖြစ်သည်။ မက်မုန်သီးအဆီသွပ်ခြင်းနှင့် အာလူးဆီသွပ်ခြင်းတို့ကိုလည်း ပြီးစီးအောင်လုပ်ရသည့်လ ဖြစ်သကဲ့သို့ ပညာသင်ကြားရေးကို စတင်ရသောလလည်း ဖြစ်သည်။ ကျွန်ုပ်တို့ မိသားစု (၉)ဦးစလုံး လုပ်ငန်းမှန်သမျှကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြသည်။ နှစ်စဉ်ပင်ကိုယ်နည်းဖြင့် သက်တောင့်သက်သာ ကုန်ဆုံးသွားပြီး တဖြည်းဖြည်းတိုးတက်မှု ရှိလာသည်။

ကျွန်မတို့အား ခရီးထွက်ခြင်း၊ စာအုပ်များနှင့် သင်ကြားမှုအထောက်အကူပစ္စည်းများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ရန်အကြံပေးကြသည်။ နေအိမ်တွင် ကျောင်းများမှာကဲ့သို့ ပြိုင်ဆိုင်မှုနှင့် နှောက်ပြောင်မှုများ ကင်းလွတ်ကြသည်။

လေ့လာသင်ယူခြင်းကို စာအုပ်များဖတ်ခြင်းဖြင့် ပြည့်စုံစွာဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း၊ အစကတည်းကပင် ကျွန်မတို့သဘောပေါက်ခဲ့ကြသဖြင့် တိရစ္ဆာန်ဥယျာဉ်များ၊ ပြတိုက်များ စသည်တို့ကဲ့သို့သော ထင်ရှားသည့်နေရာများစွာသို့ သွားရောက်လေ့လာခဲ့ကြသည်။ ကလေးများသည် စာဖတ်လောဘကြီးသူများ ဖြစ်သဖြင့် နယ်မြေရှိ စာကြည့်တိုက်မှ ရနိုင်သမျှစာအုပ်များကို အပတ်စဉ်

စုဆောင်းပေးရသည်။ လက်တွေ့လုပ်ငန်းများမှ အရာများစွာကို လေ့လာသင်ယူခဲ့ကြသည်။

နေအိမ်ပညာသင်ကြားရေး အကြီးမားဆုံးသောတန်ဖိုးမှာ ကျွန်မတို့အားလုံးသည် အရာတိုင်းကို မိသားစု၏ အကျိုးကျေးဇူးအား ရှေ့ရှု၍ အတူတကွ တွေးခေါ်မြော်မြင်မှု ရင့်သန်လာခြင်းပင် ဖြစ်သည်။ တစ်မိုးတည်းတွင် အတူနေကြသော မိသားစု (၉)ဦးသည် တစ်သီးတစ်ခြားစီ ဖြစ်နေမည့်အစား စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်ခြင်းသည်ပင် အဖိုးမဖြတ်နိုင်သော ဆုလာဒ်တစ်ပါး ဖြစ်ပေသည်။

စည်းလုံးညီညွတ်ခြင်းနှင့် အသင်းလုပ်ငန်းသည် သူတို့ကိုယ်သူတို့ ကျွန်မတို့မိသားစု၏ အစိတ်အပိုင်းတစ်ရပ်အဖြစ်နှင့် ဘုရားသခင်၏ သားသမီးများအဖြစ် မှတ်ယူခြင်းမှ ဆင်းသက်လာသော မိမိကိုယ်မိမိ ယုံကြည်မှုနှင့် အမှီအခိုကင်းမှုတို့ကို ပေးစွမ်းနိုင်ပါသည်။

## ခေါတ်ဆီဆိုင်အလုပ်သမားနှင့်အိမ်ရှင်မ (မာရီဂရေး – Marie Gary)

ကက်ဘင် (Kevin) အား ရှစ်နှစ်ခွဲရှိသည့်တိုင်အောင် ကျောင်းမထားဘဲနေခြင်းအတွက် ကျောင်းနှင့်ပြည်နယ်ပညာရေး အရာရှိများထံမှ ဖြစ်ပေါ်လာမည့် ပြဿနာတစ်စုံတစ်ရာကို ကျွန်မတို့ ကြိုတင်တွက်ဆမထားခဲ့ကြပါ။

ကျွန်မတို့၏ ဘုရားရှစ်ခိုးကျောင်းမှ ပထမတန်း သင်ကြားသောဆရာမက ဤသို့ကျောင်းမထားခြင်းသည် လွန်စွာမှားယွင်းသည်ဟု ယူဆခဲ့သည်။ သူမသည် လုပ်သက် (၂၅)နှစ်ခန့်ရှိပြီး ကက်ဘင်အား ဤအရွယ်ရောက်ကာမှ စာသင်ပေးခြင်းဖြင့် အကျိုးမရှိဟုလည်းယူဆထားသည်။

အချို့က ကျွန်မတို့ကို အခြေခံကျသူများဟု ယူဆကြသည်။ အချို့ကလည်း ကက်ဘင်၏ စိတ်ခါတ်နှင့် ကြွက်သားများ ခုံတစ်လုံးပေါ်တွင်ထိုင်ပြီး ခဲတံတစ်ချောင်းကိုကိုင်၍ ရေးခြင်းမပြုနိုင်မီ ရင့်ကျက်မှု၊ စိတ်နှင့် လက်ပေါင်းစပ်မှုရှိရန် အရေးကြီးခြင်းကို သဘောမပေါက်ကြပေ။ ထို့ပြင် သူ့အား စာသင်ခန်းထဲသို့မပို့မီ သူ၏ခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် မိမိကိုယ်မိမိ တန်ဖိုးထားသော အသိစိတ်ရှိရန် အလွန်အရေးကြီးကြောင်းကို ကျွန်မတို့ အလေးအနက်ယူဆသည်။ သူ၏ လောကီဆိုင်ရာ လေ့လာသင်ကြားမှုများ မစတင်ခင် ကျွန်မတို့၏ တန်ဖိုးစနစ်များကို သင်ကြားပေးခြင်းဖြင့် ခိုင်မာသော စိတ်ခါတ်အခြေခံကို တည်ဆောက်ရန် ကြိုးစားလျက်ရှိကြပါသည်။

အထက်ပါ အကြောင်းများကြောင့် ကက်ဘက်ကို ကျွန်မတို့ကျောင်းမထားသေးသော်လည်း အသက် (၆)နှစ်နှင့် (၇)နှစ်အရွယ်ရှိအိမ်နီးချင်း ကလေးများကမူ ကျောင်းတက်လျက်ရှိကြပြီ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ကျွန်မတို့၏ အိမ်သည်ပင် စာသင်ကျောင်း ဖြစ်သည်ဟု ကျွန်မတို့ယူဆသည်။ မစ်ဆိုရီ (Missouri) ရှိ စိုက်ပျိုးမွေးမြူရေးခြံတွင် သူ၏ဖခင်နှင့် အလုပ်လုပ်ရင်း ရရှိသော အတွေ့အကြုံများသည် ကျွန်မတို့သားကလေး ပညာရေး၏ အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်သည်။

နေ့လည်စာစားပြီးတိုင်း ကျွန်မကသူ့ကို စာဖတ်ပြလေ့ရှိသည်။ သူကျောင်းမတက်မီ နွေရာသီတွင် ကင်တက်ကီပြည်နယ် ခရော့ကက်ခရိုင်ရှိ ရော့ နှင့် စတာ့ (Rod and Staff) မှထုတ်ဝေသော အသံထွက်နည်း စာအုပ်များကို မှာယူ၍ သူ့အားလေ့ကျင့်ပေးခဲ့သည်။ သူသည် စာဖတ်ရာတွင် နှေးကွေးသူတစ်ဦးဖြစ်သည်။ ကက်ဘင်အား ကျောင်းမထားဘဲ အိမ်တွင်ပင် လေ့ကျင့်သည့်အချိန်များသည် ကျွန်မတို့အတွက် စိတ်ချမ်းသာစရာ ကောင်းလှသည်။ သူ၏ ခံစားမှုစိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ ရင့်ကျက်လာကြောင်း ကျွန်မတို့သိရှိခဲ့သည်။ သို့ရာတွင် သူအသက်ရှစ်နှစ်ခွဲ ရောက်လာသောအခါတွင်မူ သူ့အတွက် ကျောင်းထားရန်အချိန်တန်ပြီဟု ကျွန်မတို့ယူဆမိသည်။

ကျွန်မတို့သည် ဘုရားကျောင်းနှင့် ဆက်စပ်ဖွင့်လှစ်သော အလွတ်သင်ကျောင်းတစ်ခုတွင် ကက်ဘင်အား ဒုတိယတန်းမှ စတင်လက်ခံရန်မေတ္တာရပ်ခံပြီး ကျောင်းထားခဲ့သည်။ ဤတွင် ပြဿနာစတော့သည်။

သူမ၏ ဘ၀တစ်သက်တာ အတွေ့အကြုံကို အားကိုးကာ ဆရာမက ကက်ဘင်အား ပထမတန်းတွင်ပင်ထားရန် တိုက်တွန်းသည်။ ကက်ဘင်နှင့် အနီးစပ်ဆုံးဖြစ်ပြီး သူ၏အရည်အသွေးများကို အနားလည်ဆုံးဖြစ်သော သူ၏မိဘများဖြစ်ကြသည့် ကျွန်မတို့က သူ့အား ဒုတိယတန်းတွင်ထား၍ ရမည်ဟုယုံကြည်သည်။ ရေမွန်နှင့် ဒေါ်ရသီမိုရေးတို့၏ ဟဲဝေ့သုတေသနလုပ်ငန်းမှ တွေ့ရှိထားချက်များအရ အသက်ကြီးမှ ကျောင်းထားသော ကလေးများသည် ၎င်းတို့၏ ရွယ်တူကလေးများနှင့်အတူ ပညာသင်ကြားနိုင်စွမ်း ရှိသည့်အပြင် ပို၍ပင်ထူချွန်ကြကြောင်းကို ကျွန်မနှင့် ခင်ပွန်းသည်တို့က သတိပြုမိခဲ့ကြပြီး ဖြစ်သည်။

ကျွန်မတို့ကဲ့သို့ပင် အခြားမိဘများ၏ ထက်မြက်သော ကလေးတစ်ဦးကိုလည်း အရွယ်လွန်မှ ကျောင်းထားသဖြင့် သူ့အား ပထမတန်းတွင် စတင်သင်ကြားပေးခဲ့သည်။ ကလေးငယ်၏ အရွယ်နှင့်မကိုက်သော အတန်းတွင်နေရသဖြင့် ငြီးငွေ့မှု၊ သူ့ထက်ငယ်သောကလေးများနှင့် အတူနေရသဖြင့် ပြဿနာရှိမှုများကို မိဘများက သတိမပြုမိခဲ့ကြပေ။ ထိုကလေးသည် တဖြည်းဖြည်းညှိုးဖျင်းလာပြီး ယခုအခါ ကျောင်းစာကိုပင် မလိုက်နိုင်ကြောင်း ဝမ်းနည်းဖွယ်တွေ့ရှိရသည်။ ကျွန်မတို့၏ သားလေးကက်ဘင်ကို ထိုကလေးငယ်၏ အဖြစ်မျိုးသို့ အရောက်မခံနိုင်ပါ။

ထိုအချိန်အတောအတွင်း ကျွန်မသည် ဒေါ်ရသီမိုရေးနှင့် ဆက်သွယ်ကာ သူမ၏အကြံဉာဏ်ကို ရယူခဲ့သည်။ သူမ၏ အကြံပေးချက်အရ ဆရာမနှင့်ထပ်မံ၍ ပါးနပ်စွာဆွေးနွေးခဲ့ပါသည်။ ဆရာမက ပထမတန်းစာများကို ကက်ဘင်လိုက်နိုင်လျှင် ဒုတိယတန်းတွင်ထားပေးမည်ဟု သဘောတူခဲ့သည်။

ကက်ဘင်သည် ကျွန်မတို့ထင်ထားသည်ထက် ပို၍ထူးချွန်ခဲ့သည်။ ကက်ဘင်သည် လေ့လာလိုသော စိတ်၊ ပြေပြစ်စွာ ဆက်ဆံတတ်သော သဘောထားရှိသည့်အပြင် တက်ကြွမှုလည်းရှိသည်။ သို့သော် သူ၏ဆရာမက ပထမတန်းစာများကိုပင် မနေမနားဖြေဆိုခိုင်းသည်။ သို့သော် ဆရာမပေးသမျှ ကက်ဘင်က အောင်မြင်စွာဖြေဆိုနိုင်သည့်အပြင် နှစ်တန်းစာများကိုပင် ပုံမှန်လေ့ကျင့်နိုင်ခဲ့သည်။ ဤအချက်က ဆရာမ၏ အသက်ကြီးမှ ကျောင်းထားသော ကလေးများ၏ သဘောထားကို ပြောင်းလဲစေခဲ့သည်။

ယခုအခါ ကက်ဘင်သည် ၁၁နှစ်ရှိပြီး ငါးတန်းတွင်တက်ရောက် သင်ကြားနေသည်။ ကျွန်မနောင်တရမိသည်မှာ ကက်ဘင်အား ပုံမှန်ပြည်သူပိုင် ကျောင်းတွင်ထားခဲ့မိခြင်းကိုပင် ဖြစ်သည်။ အဆိုပါ စာသင်ခန်းများကား မိုက်မဲမှုများနှင့် ပြည့်နှက်နေပြီး အချိန်ဖြုန်းလွန်းသည်။ တစ်ခါ ကက်ဘင်အိမ်မှာရှိနေစဉ် သူ၏အိမ်စာများကို ၁နာရီခွဲအတွင်း ပြီးစီးသွားခဲ့သည်။ ကျွန်မက သားရဲ့တစ်နေ့လုံးစာတွေကို ၁နာရီခွဲနဲ့ ပြီးသွားတယ်ဆိုတော့ ကျန်တဲ့အချိန်တွေ ကျောင်းမှာဘာလုပ်နေသလဲဟု မေးခဲ့မိပါသည်။ စင်စစ် ဆရာ၏ဟောပြောပို့ချမှုနှင့် အတန်းသားများက ပြန်လည်ဆွေးနွေးသည့် အချိန်များပါဝင်သည်ကို ကျွန်မသိပါသည်။ သို့ရာတွင် ကျွန်မတို့ ကလေးများ၏ အချိန်များစွာကို ဖြုန်းတီးပစ်နေပုံရပါသည်။ ထိုအကျင့်ကို ကက်ဘင်ကအိမ်သို့ သယ်ဆောင်လာသဖြင့် အချိန်ကိုယခင်ကကဲ့သို့ တန်ဘိုးမထားတတ်တော့ပေ။

ကျွန်မတို့တွင် တက်ဒီဟူသော (Teddy) သားကလေးတစ်ယောက် ရှိပါသေးသည်။ သူလည်း လာမည့်စက်တင်ဘာလတွင် ရှစ်နှစ်ပြည့်မည်ဖြစ်ပြီး ကက်ဘင်တုန်းကလိုပင် ကျောင်းမထားရသေးပါ။ သို့ရာတွင် နောင်နှစ်တွင် သူ့အား ပြည်သူပိုင်ကျောင်းတွင် မထားဘဲ နေအိမ်တွင်ပင် ပညာသင်ပေးမည်ဖြစ်ပြီး ကက်ဘင်ကိုလည်း ပြည်သူပိုင်ကျောင်းမှထုတ်ကာ နေအိမ်တွင်ပင် ဆက်လက်သင်ကြားပေးမည်ဟု ဆုံးဖြတ်ခဲ့ပါသည်။

## ကျောင်းဆရာမနှင့်နွားခြံပိုင်ရှင် (လီနိုရာဘလက်စ် Lenorblak)မ

(မိသားစု ၄ခုသည် ၎င်းတို့၏ ကလေးများအား ၆နှစ်အရွယ်မှစ၍ မတက်မနေရ ကျောင်းတွင်မထားဘဲ နေအိမ်တွင်ပင် ပညာသင်ကြားပေးရန် ပညာရေးအာဏာပိုင်များထံမှ ခွင့်ပြုမိန့်ရရှိခဲ့သည်။ ၎င်းတို့သည် သူတို့၏ နေအိမ်ပညာသင်ကြားရေး အစီအစဉ်ကို အတူတကွကြိုးပမ်း ဆောင်ရွက်ခဲ့ကြသည်။)

မိသားစုများသည် ၎င်းတို့၏ အကြံဉာဏ်များကို ဖလှယ်ကြပြီးနောက် ကလေးများအတွက် ချမှတ်ရမည့် တိကျသောစည်းကမ်းများကို စုပေါင်းရေးဆွဲခဲ့ကြသည်။ မိသားစုတစ်ခုတိုင်းသည် ၎င်းတို့ကိုယ်ပိုင် သားသမီးများအတွက် တာဝန်ရှိကြသော်လည်း ပို၍ထိရောက်ပြီး ပြည့်စုံလုံလောက်သော အုပ်စုလုပ်ငန်းများတွင် အတူတကွပါဝင်ဆောင်ရွက် ကြရပါမည်။

မိဘတိုင်းသည် ကလေးအားလုံး၏ အကျိုးကျေးဇူးအတွက် သက်ရောက်မည့်ကိစ္စအားလုံးကို အပြန်အလှန်ဖလှယ်ကြပါမည်ဟု သဘောတူကြပါသည်။

၁၉၇၅ခုနှစ် ဆောင်းဦးရာသီတွင် ကျွန်ုပ်တို့၏ နေအိမ်ပညာရေးစနစ်ကို စတင်ခဲ့ကြသည်။ မသေချာမှုများကို လက်တွေ့ဆောင်ရွက်ပြီးနောက် ကျွန်ုပ်တို့မိသားစု အချင်းချင်းဖြစ်စေ၊ ကလေးများနှင့်ဖြစ်စေ၊ သင်ကြားရေးကိစ္စ ဆောင်ရွက်ရာတွင် ပို၍အဆင်ပြေလာခဲ့သည်။ သင်ကြားခြင်းသည် ယခုအခါ သဘာဝလုပ်ငန်းတစ်ခု ဖြစ်လာခဲ့ပြီး ကျွန်ုပ်တို့၏ ပုံမှန်လုပ်ငန်းစဉ်အများစုကို မိသားစုများညစာလက်ဆုံစားခြင်း သို့မဟုတ် အိမ်ရာဝင်ပုံပြင်ပြောခြင်း စသည်တို့ဖြင့် ဖြည့်ဆည်းခဲ့ကြသည်။ ကျောင်းလုပ်ငန်းသည် ကျွန်ုပ်တို့နေ့စဉ်ဘဝ၏အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့သည်။

၁၉၇၆ – ၇၇ ခုနှစ်တခါင် ကျွန်ုပ်တို့အနေဖြင့် ကလေးများအား ၁၈နှစ်မတိုင်မီ စာမသင်ကြားရေးသာမက ကလေးများအားလည်း နေအိမ်တွင်ပင် ဆက်လက်ပညာသင်ကြားရေးကိုပါ ကျောင်းအာဏာပိုင်များနှင့် ဆွေးနွေးခဲ့ကြသည်။ မိဘများနှင့် ကလေးများ၏ ပူးပေါင်းဆောင်ရွက်မှု အကျိုးဆက်ကြောင့် မစ္စတာပီတာဆန်က သဘောတူညီခဲ့ပြီး ဆောင်ရွက်ရန်အသေးစိတ်အချက်အလက်များကို မစ္စတာမံဒရန်နှင့် ဆက်လက်ဆွေးနွေးရန် ပြောခဲ့သည်။ မစ္စတာမဲဒရန်က လစဉ်လှုပ်ရှားမှုအစီရင်ခံစာများနှင့် ကျောင်းတက်စာရင်းပေးပို့ရန် တောင်းဆိုသဖြင့် ကျွန်ုပ်တို့က ၎င်းတို့ကို ကျေနပ်စွာဖြင့် ပေးပို့ခဲ့ပါသည်။

၁၉၇၇ – ၇၈ ခုနှစ်တွင် အော့တ် (Ort) မိသားစု၏ နေအိမ်သည် ကလေးအုပ်စုပညာရေး၏ ဗဟိုဌာနဖြစ်လာသည်။ ထို့ပြင်နေ့စဉ်အရေး၊ အဖတ်၊ အတွက် သင်ကြားပေးသည့်အပြင် ဘာသာရေး၊ လူမှုရေး၊ အနုပညာနှင့် ကျန်းမာရေးတို့ကိုပါ ဟင်နရီဖု (Heneary Foote) ကအပါတ်စဉ် သိပ္ပံသင်ခန်းစာကို သင်သည်။ အနုပညာကျောင်းဆင်း ထရင်တန်ဖရော့စ် (Trenton Frost) က အနုပညာကို သင်ကြားပေးပြီး ဒိုရီတာ ဖရော့စ် (Dorita Frost) က စပိန်ဘာသာစကားကို သင်ကြားပေးသည်။ ညအခါများတွင် ဝီလျံဘလက်စ် (Willan blank) က နက္ခတ်ပညာအကြောင်း သင်ကြားပေးစဉ်တွင် ကလေးများက လနှင့်ကြယ်တာရာစုများကို ဘလက်စ်၏ မှန်ပြောင်းဖြင့် ကြည့်ရှုကြသည်။ နေ၏ စနစ်သည် လှည့်ပတ်သွားလာနေသော ကြယ်တာရာများ၏ အမည်ကို မှတ်မိစေရန် ကြယ်တာရာ ကစားနည်းကိုလည်း စီစဉ်ပေးကြသည်။ တစ်ခါတစ်ရံ ပြန်ကြားရေး သို့မဟုတ် စာကြည့်တိုက်မှ အခမဲ့ဖြန့်ဝေသော ရုပ်ရှင်ကားများကို ကြည့်ကြသည်။

သူ၏ဇနီးသည်က ဆုတောင်းစာရွတ်ခြင်းနှင့် အချက်အပြုတ်တို့ကို သင်ကြားပေးပြီး ဂျင်ဖု (Jin Foote) ကခရီးရှည်ထွက်ကာ သဘာဝပတ်ဝန်းကျင်ကို လေ့လာရာ၌ ကူညီသင်ကြားပေးသည်။ ဥပမာ ကျွန်ုပ်တို့တွင် မွေးနေ့များစွာရှိသဖြင့် အထူးညစာစားပွဲ

တစ်ရပ်ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ကလေးများက အစားအသောက်စာရင်းကို ရေးဆွဲကြသည်။ အာလူးကြိတ်ကြသည်။ စားပွဲခင်းကြသည်။ လက်သုတ်သုတ်ကြသည်။ စသည်ဖြင့် ဝိုင်းရန်၍ တစ်ယောက်တစ်လက် ကူညီကြသည်။ အချက်အပြုတ် သင်ခန်းစာကို တစ်ပတ်လျှင် သို့မဟုတ် နှစ်ပတ်လျှင်တစ်ကြိမ်ကျ သင်ကြားပေးသည်။

၁၉၇၈ – ၇၉ခုနှစ်တွင် အပြောင်းအလဲများစွာ ရှိခဲ့သည်။ ဖုမိသားစုက တစ်မြို့တစ်နယ်သို့ ပြောင်းရွှေ့သွားကြသည်။ ဖရှော့မိသားစု၏ အလုပ်အချိန်ဇယားနှင့် သယ်ယူပို့ဆောင်ရေး အခက်အခဲကြောင့် သူတို့မိသားစုမှာ နေအိမ်ပညာရေးတွင် ပါဝင်ရန်မဖြစ်နိုင်တော့ပါ။ ကျောင်းတွင် ကလေး (၇)ဦးသာ ကျန်ရှိတော့သည်။

ထိုစဉ်တွင်ပင် အခြားပြဿနာတစ်ခု ပေါ်ပေါက်လာခဲ့သည်။ ကျွန်ုပ်တို့၏ ကျောင်းအာဏာပိုင်များသည် နှစ်အနည်းငယ်တိုင်အောင် နေအိမ်ပညာသင်ကြားရေးကို လိုလိုလားလား ကူညီခဲ့သော်လည်း ယခုအခါ ကလေးများအား ပြည်သူပိုင်ကျောင်းများတွင်ထားရေးအတွက် ပစ္စတာ ပီတာဆန်က အလေးထားလာခဲ့သည်။ ကျွန်ုပ်တို့၏ သားသမီးများအား ပုံမှန်ကျောင်းများသို့ပို့ရန် ကျွန်ုပ်တို့အား ဖိအားပေးမှု ပြင်းထန်လာခဲ့သည်။

မစ္စတာပီတာဆန်က သူတွေ့ကြုံနေရသော ပြဿနာကို ပြည်နယ်ပညာရေးမှူးရုံးသို့ တင်ပြခဲ့သည်။ ထို့နောက် ပြည်နယ်တွင်းရှိ အလွတ်ပညာသင်ကျောင်းများနှင့် ကိုက်ညီမည့်လမ်းညွှန်မှုများကို သတ်မှတ်ခဲ့သည်။ ထိုနောက် ကျွန်ုပ်တို့၏ နေအိမ်ပညာရေးကို အလွတ်ပညာသင် ကျောင်းတစ်ခုကဲ့သို့ သတ်မှတ်လိုက်သည်။ ယင်းကား ကျွန်ုပ်တို့အတွက် ပြင်းထန်သော ထိုးနှက်ချက်ပင်တည်း။ အဘယ်ကြောင့်ဆိုသော် အလွတ်သင်ကျောင်းများတွင် ပြည်သူပိုင်အဆောက်အဦးများ၌ အသုံးပြုသည့် မီးဘေးကြိုတင်ကာကွယ်ရေး ညွှန်ကြားချက်များ ပါဝင်နေပြီး ကျွန်ုပ်တို့၏ ကိုယ်ပိုင်ကျောင်းမှာ ဤအချက်များနှင့် ပြည့်စုံမှုမရှိသောကြောင့်ပင် ဖြစ်သည်။

ကျွန်ုပ်တို့ ပညာရေးအစီအစဉ်၏ စစ်မှန်သော အစိတ်အပိုင်းတစ်ခုတွင် ကုန်ကျစရိတ်သက်သာ၍လည်း ပါဝင်သည်။ အပူနှင့် အလင်းရောင်စရိတ်မှာ အိမ်သုံးစရိတ်မှ ကျခံခြင်းဖြစ်ပြီး စာအုပ်အသစ်များနှင့် ပစ္စည်းကိရိယာများ၏ စရိတ်မှာ တစ်နှစ်လျှင် ဒေါ်လာ ၅၀ ထက်ပင်မပိုပေ။

ကျွန်ုပ်တို့သည် ပစ္စတာပီတာဆန်အား စာရေး၍ အလွတ်သင်ကျောင်းအဖြစ် မသတ်မှတ်ရန် မေတ္တာရပ်ခံခဲ့သည်။ ထို့ပြင် မိဘများအတွက် ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ သားသမီးများ၏ ပညာရေးကို တိကျစွာဖြည့်ဆည်းပေးခြင်းဖြစ်ကြောင်း အသိအမှတ်ပြုပါရန် ထပ်မံတောင်းဆိုခဲ့သည်။ မစ္စတာပီတာဆန်နှင့် မစ္စတာမဲဒရန်တို့ ကျွန်ုပ်တို့၏ နေအိမ်ပညာသင်ကျောင်းသို့ လာရောက်ကြည့်ရှုကြကာ ကျွန်ုပ်တို့၏ မေတ္တာရပ်ခံချက်ကို သဘောတူညီခဲ့ကြသည်။ ထို့ကြောင့် နောက်တစ်နှစ်ဆက်လက်၍ သင်ကြားခွင့်ရခဲ့ပါသည်။

နေအိမ်ပညာသင်ကြားရေး၏ အားသာချက်တစ်ရပ်မှာ ကျောင်းသားများသည် ၎င်းတို့၏ ရည်မှတ်းချက်ဇယားကို စီမံချက်ဖြင့် အသုံးပြုကာ ထိုစီမံချက်ဘောင်အတွင်း ဆောင်ရွက်ကြရသော်လည်း ထိုဘောင်ကို ပြုလွယ်ပြင်လွယ် အလျော့အတင်း ပြုလုပ်နိုင်ခြင်းပင်ဖြစ်သည်။

တစ်ခါက ကျောင်းအာဏာပိုင်များအနေဖြင့် အနည်းငယ်စိုးရိမ်နေကြပုံရသည်။ နောက်ဆုံးတွင် သူတို့က ကျွန်ုပ်တို့၏ ကလေးများကို ပြည်သူပိုင်ကျောင်းများတွင်ပင် ရှိနေရမည်ဟူသော ဥပဒေကိုထောက်ပြကြသည်။ ဒေါက်အော့တ် (Daug Ort) က "ကလေးတွေက ဒီလောက်လျစ်လျူရှုထားကြတာ မဟုတ်ပါဘူး။ ခင်ဗျားတို့လည်း အမြင်ဘဲ" ဟုပြောရာ ပစ္စတာမဲဒရန်နှင့် မစ္စတာပီတာဆန်တို့က အစိုးရ၏ ညွှန်ကြားချက်များကိုသာ လိုက်နာရမည်ဖြစ်ကြောင်း ပြောပါသည်။ သူတို့အနေဖြင့် အစိုးရ၏ ဥပဒေထက် ကလေးများ၏ ပညာရေးကို ပိုမိုဦးစားပေးရမည်ဟု နားလည်သဘောပေါက်ကြသော်လည်း သူတို့ကိုယ်တိုင်ပင် ဖိအားပေးခံနေကြရပုံရသည်။

ဒေါက်က "ခင်ဗျားတို့က ဘယ်လိုအကြံပေးချင်ပါသလဲ" ဟုမေးရာ သူတို့က "သူတို့ကို ရွယ်တူကလေးတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် ဘယ်လိုနေမလဲဆိုတာ သိရအောင် သူတို့ကို စစ်ဆေးကြည့်ရင်ကောင်းမယ်" ဟုပြောပါသည်။ "ဘယ်နည်းနဲ့ စစ်ဆေးမှာလဲ" ဟုမေးရာ "ကျောင်းက ကလေးတွေကိုတော့ စတင်းဖိုဒ့်မေးခွန်းလွှာနဲ့ စစ်ဆေးဖို့ညွှန်ကြားထားပါတယ်" ဟုပြောသည်။ "ဒီလိုဆိုလဲ ကျွန်မတို့ကလေးတွေကို အဲဒီနည်းနဲ့ဘဲစစ်ပေါ့" ဟုပြန်ပြောလိုက်ပါသည်။

ကလေးများကို ထိုနည်းဖြင့် စစ်ဆေးနေစဉ် ထွက်လာမည့်အဖြေကို ကျွန်ုပ်တို့ စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြပါသည်။ ကျွန်ုပ်တို့၏ ကလေးများသည် ကြိုးစားကြပြီး အရည်အချင်းပြည့်ဝကြသော်လည်း မည်မျှထိ အရည်အချင်းပြည့်မည်ကို ကျွန်ုပ်တို့ သတိမပြုမိခဲ့ကြပါ။ ဒေါဂီ (Dougiee) က အသက် ၉နှစ်ရှိပြီး တတိယတန်းအဆင့်တွင် ၉၉%အောင်မြင်သည်။ အသက်ရှစ်နှစ်ရှိသော ဒေးဗစ်အော့တ် (David Ort) က ဒုတိယတန်းတွင် ၉၆%အောင်မြင်သည်။ အသက် ၉နှစ်ရှိသော ရှာရီဘလက်စ် (Shair blank) က စတင်းဖို့မေးခွန်းကို ၉၄% အောင်မြင်သည်။

တတိယတန်း ၂ဦးနှင့် ဒုတိယတန်း ၁ဦးတို့က ၉၀%အောင်မြင်ကြသည်။ ယင်းစစ်ဆေးချက်က မိန်းကလေးငယ်လေးတစ်ဦးသည် တစ်နှစ်အတွင် ၂တန်းစာမျှ စာဖတ်နိုင်ကြောင်း ဖော်ပြသွားခဲ့သည်။

သင်၏နေအိမ်ပညာရေးစနစ်ကို သက်ဆိုင်ရာဒေသခံကျောင်း အာဏာပိုင်များ၏ ညွှန်ကြားမှုအောက်တွင် ဆောင်ရွက်သည့်အပြင် သူတို့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သော ပြဿနာများကို ကြိုတင်ကာကွယ်နိုင်ပေသည်။

**ဗစ်ကီဆင်းဂါး**

ဂျွန်နှင့် ဗစ်ကီးဆင်းဂါးတို့၏ အဖြစ်အပျက်မှာ တစ်နိုင်ငံလုံးဟိုးလေး တစ်ကျော်ကျော်ဖြစ်ခဲ့သည်။ သူတို့၏ သားသမီး ၃ဦးအား ပြည်နယ်အစိုးရက စစ်ဆေးပြီးနောက် သူတို့ကို အကြံပေးဆွေးနွေးရန် ကျွန်ုပ်တို့အား ဖိတ်ခေါ်ခဲ့သည်။ ပြည်နယ်ကခန့်အပ်သော စိတ်ပညာရှင်က ကလေးများအား စိတ်သဘောထား နိမ့်ကျ၍ ဦးနှောက်ပျက်စီး ယိုယွင်းသူများအဖြစ် ထုတ်ဖော်ပြောကြားကြောင်း သတင်းထောက်များက ကျွန်ုပ်တို့ကို အသိပေးပါသည်။

ဂျွန်သည် သူ၏ကလေးများအား ကျောင်းတွင်အမှားကို အမှန်အဖြစ် သင်ကြားပေးနေခြင်းအတွက် စိတ်ပျက်ခဲ့ပြီး ကလေးများကို ကျောင်းမှထုတ်ကာ အိမ်တွင်ပင် ပညာသင်ကြားပေးရန် ဆုံးဖြတ်ခဲ့သည်။ သူသည် ကာမတ်စ် (Kamas) ပြည်နယ်ထက်ရှိ သူ၏နေအိမ်မှ ကိုက်အနည်းငယ်မျှဝေးသော ၂၈ကေခွဲခန့်ရှိ ခြံကြီးထဲတွင် ဆင်းဂါးကျောင်းအမည်ဖြင့် နေအိမ်ပညာသင်ကျောင်း အဆောက်အဦးလေးတစ်ခု ဆောက်လုပ်ခဲ့သည်။

စာသင်ခန်းမှာ ခပ်သေးသေးဖြစ်သော်လည်း ကျောင်းသင်ပုန်းများ၊ သင့်တော်သော စာအုပ်များ၊ ကျောင်းအထောက်အကူ ပစ္စည်းများ ပြည့်စုံစွာဖြည့်ဆည်းထားပြီး အေးသောတောင်ဆောင်းဖြစ်သဖြင့် ထင်းမီးဖိုတစ်ခုကိုလည်း စီစဉ်ထားပါသည်။ ကျောင်းချိန်များတွင် ဖခင်က အချိန်ယူသင်ကြားပြီး မိခင်က အနည်းငယ်သင်ကြားသော အခြားလုပ်ရှားမှုများစွာကိုလည်း ရေးဆွဲထားပါသည်။ ကလေးအားလုံးပင် အိမ်သန့်ရှင်းရေး၊ ချက်နည်းပြုတ်နည်း၊ အချုပ်အလုပ်နှင့် အဝတ်လျှော်ဖွတ်ခြင်းတို့ကို သင်ကြားရသည်။ ကလေးတိုင်း ပေါင်မုန့်ဖုတ်တတ်ကြပါသည်။

ကလေးများ၏အရွယ်နှင့်စာလျှင် တော်ကြသည်ဟု ဆိုရပါမည်။ သို့သော် ဂျွန်နှင့် ဗစ်ကီတို့က သူတို့၏ သမီးကြီးသည် အသံကောင်းလွန်းသဖြင့် အိမ်နှင့်နီးသော မြို့တစ်မြို့ရှိ ကြေးစားသီချင်းဆိုသင်တန်းသို့ ပို့လွှတ်သင်ကြားစေခဲ့ပါသည်။ ဒုတိယသမီးဖြစ်သော ဆူဇန်နီး (Suzanne) ကမူ အနုပညာ/ပန်းချီပညာကို စိတ်အားထက်သန်သငြဖ့် သူမအားမြို့ကြီးတစ်မြို့ရှိ ကြေးစားပန်းချီ အနုပညာကျောင်းတွင် အပ်နှံထားသည်။ ဆူဇန်နီသည် သူမနှင့် ရွယ်တူအနုပညာ ကောလိပ်ကျောင်းသားများထက် ပို၍တော်သဖြင့် သူမရေးဆွဲသောပန်းချီကားအချို့ကို ရောင်းချနိုင်ခဲ့သည်။

တင်မ် (Tim) ကမူ အဆောက်အဦးများတွင် ဝါသနာထက်သန်သည်။ အဆောက်အဦးများကို သစ်သားလုံးများဖြင့် တစ်လုံးဆောက်ပြီး စိတ်မကျေနပ်သေးလျှင် ဒုတိယတစ်လုံး ထပ်ဆောက်သောသူမျိုးဖြစ်သည်။ အဆောက်အဦးများ ဆောက်ရာတွင် လက်သမားအများစုအတွက် ခက်ခဲသော ဒိုင်းဖြတ်ခြင်းနှင့် ဒိုင်းတပ်ဆင်ခြင်းတို့တွင်သာ ဖခင်၏အကူအညီကို အနည်းငယ်ရယူပြီး ကျန်အစိတ်အပိုင်းအားလုံးကို သူ့ဘာသာသူ ဆောက်လုပ်တတ်သည်။

ထိုကလေးများကား အိမ်နီးချင်းအချို့နှင့် ပြည်နယ်အစိုးရက စိတ်ပညာရှင်ကို စစ်ဆေးတင်ပြခိုင်းသူများပင် ဖြစ်ပါသည်။

ထိုနောက် ကလေးများအား အထက်တွင်ဖော်ပြခဲ့သည်အတိုင်း စိတ်နေစိတ်ထားနိမ့်ကျ၍ ဦးနှောက်ပျက်စီးကာ လူမှုဆက်ဆံရေးချို့တဲ့သူများဟု ထုတ်ပြန်ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် သူ၏ကလေးများအား မည်သူ၏ စစ်ဆေးခြင်းကိုမျှ ခံယူခြင်းမပြုရန်ငြင်းဆိုသည်မှာ အခြေခံအကြောင်း မဟုတ်သည့်တိုင် သူနှင့် ဗစ်ဆီတို့ အဆိုပါကြေညာချက်ကြောင့် စိတ်ပျက်လက်ပျက် ဖြစ်ခဲ့ရသည်။ သူတို့အား ထိုကလေးများကို အုပ်ထိန်းရန်နှင့် ကြီးကြပ်စောင့်ရှောက်ရန် ဘုရားသခင်က အပ်နှင်းထားခြင်းဖြစ်သည်ဟု သူတို့ယုံကြည်ခဲ့သည်။ ထိုတာဝန်ကို အစိုးရအား သူတို့လွှဲအပ်ခြင်းမပြုနိုင်ပါ။ ကလေးများကို စမ်းသပ်စစ်ဆေးပြီး လေ့ကျင့်ရန် ခွင့်ပြုလိုက်ခြင်းသည် သူတို့၏ ဘာသာရေး လွတ်လပ်ခွင့်နှင့် ဘုရားသခင်က သူတို့အားပေးအပ်ထားသော တာဝန်ကိုဆောင်ရွက်ရန် ငြင်းဆိုခြင်းပင်ဖြစ်သည်ဟု သူတို့ယူဆခဲ့သည်။

ဂျွန်က "သူတို့ကို လွှဲပေးတာထက် ကျုပ်ကိုယ်တိုင် အသေခံသွားတာက ပိုကောင်းမယ်။ ဒီကလေးတွေကို လွှဲမပေးဘူး။ ကျုပ်ကိုယ်တိုင်စောင့်ရှောက်မယ်" ဟုပြောခဲ့သည်။

အာဏာပိုင်များက သူတို့အား တစ်နည်းနည်းဖြင့် ထိန်းသိမ်းရန် ကြိုးပမ်းနေဆဲမှာပင် ကျွန်ုပ်တို့က ကျွန်ုပ်တို့ မိသားစုနှင့် ဆွေးနွေးခဲ့ကြရသည်။

ဂျွန်သည် ဒေါသကြီးသော ရန်လိုသော ပေါက်ကွဲလွယ်သောသူတစ်ဦး မဟုတ်ပါ။ အေးအေးချမ်းချမ်း နေတတ်သူတစ်ဦးဖြစ်ပါသည်။ သူ၏ဆောင်ပုဒ်ဖြစ်သော "ကိုယ့်ကတုတ်မှာကိုယ်နေ၊ သူမပစ်လျှင် ကိုယ်မပစ်နဲ့" ဟူသော အဆိုအတိုင်း လိုက်နာကျင့်သုံးသူဖြစ်သည်။ တစ်ပတ်နှစ်ပတ်ခန့် ကြာသောအခါ သူ့ဘဝ၏နောက်ဆုံး အခိုက်အတန့်တွင် သူ့အားဖမ်းဆီးမည့်သူများကို ခုခံရန်ရွေးချယ်ခဲ့သည်။ သူ့ကလေးများ၏ မျက်မှောက်တွင်ပင် သူ၏ကျောရှိ သေလောက်သော သေနတ်ဒဏ်ရာ ဖြင့်ချက်ဖြင့် အသက်ထွက်ခဲ့ရသည်။ အမေရိကန်တွင် ဤလိုအဖြစ်မျိုး တစ်ခါမျှမကြုံဖူးခဲ့ပါဟု လူအများက ပြောကြပါသည်။ အလွန့်အလွန်အရေးကြီးလှသော တရားစီရင်မှုတစ်ခုအဖြစ် မကြာမီ ပေါ်ထွက်လာရခြင်းသည်ပင် ဤစာအုပ်ကို ပုံနှိပ်ရခြင်း၏ အဓိကအကြောင်းရင်း တစ်ရပ်ဖြစ်ပါသည်။

ထိုအချိန်တွင် ဗစ်ဘီက သူ၏ကလေးများကို အိမ်တွင်ပင် ဆက်လက်ပညာသင်ပေးနေပါသည်။ မကြာမီက သူမထံသို့သွားရောက်ပြီးနောက် သူမ၏ကလေးများထံမှ ပေးပို့သောစာများကို ဖတ်ရပြီးသောအခါ သူတို့သည် ကောင်းစွာကြိုးစားအားထုတ်ကြသော ထူးချွန်သည့် သာမန်လူသားများပင်ဖြစ်ကြောင်း ကျွန်ုပ်တို့ဆုံးဖြတ်ခဲ့ကြပါသည်။

ဗစ်ကီသည် အစိုးရ၏ကန့်ကွက် စကားများကို ထပ်မံမကြားရတော့သလို သူမ၏ ခင်ပွန်းသည် ဂျွန်၏အားပေးစကားများကို

လည်း ထာဝရကြားရတော့မည် မဟုတ်ပါချေ။ သူမ၏ သားသမီးများ၏ ထူးခြားသောအောင်မြင်မှုများကို ယခုတိုင် နားမလည်နိုင်သေးသောအိမ်နီးချင်းများအကြား မားမားမတ်မတ် ကြံ့ကြံ့ခံရပ်တည်နေသော အာဂအမျိုးသမီးကား ဇစ်ကီဆင်းဂါးပင် ဖြစ်ပါသည်။

ဂျွန်ဆင်းဂါးကား သူ၏ယုံကြည်မှုအတွက် အသက်စွန့်၍ ရပ်တည်သွားခဲ့သူပေတည်း။ သူမူနှင့် သူရပ်တည်ရှင်သန်ခဲ့ပြီး သူ့ယုံကြည်သော စည်းကမ်းအတွက် လက်မြှောက်အရှုံးပေးသူ မဟုတ်ပါချေ။